၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group     Issue No.810, April 17, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## တိုးတက်မှု စစ်မစစ် သတိထားသုံးသပ်ဖို့ ဒေါ်အောင်ဆန်းစုကြည်တိုက်တွန်း

**VOA ၊ ဧပြီလ ၁၃။** ။မြန်မာပြည်ရဲ့ နိုင်ငံရေး ဖြစ်စဉ်တွေမှာ အားလုံး ပါဝင်ခွင့်ရရှိရေးအတွက် ဝိုင်းဝန်းကူညီဆော်သြဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာအမျိုးသမီး ခေါင်းဆောင်တွေကို မေတ္တာရပ်ခံလိုက်ပါတယ်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီအပေါ် ကန့်သတ်ပိတ်ပင်တာတွေမလုပ်ဖို့ မြန်မာစစ်အစိုးရကိုတောင်းဆိုခဲ့ပါတယ်။မနေ့ညကဝါရှင်တန်မြို့တော် ကနေဒီစင်တာ အဆောက်အဦးမှာ ဒေါ်အောင်ဆန်း စုကြည်နဲ့ နိုင်ငံတကာ အမျိုးသမီးခေါင်းဆောင်တွေကို Vital Voices Global Partnership အဖွဲ့ကြီးက ဆုပေးပွဲအခမ်းအနားကျင်းပပြီး ဒေါ်အောင်ဆန်းစုကြည်က ဗွီဒီယိုနဲ့ အမှာစကားပြောကြားခဲ့တာဖြစ်ပါတယ်။ ဆုပေးပွဲအကြောင်းသတင်းကိုယ်တိုင်သွားယူခဲ့တဲ့ ကိုသိန်းထိုက်ဦးက တင်ပြထားပါတယ်။

“ဒီညမှာ ကျမတို့ ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုလိုပါတယ်။ မိသားစု၊ ပြင်ပကမ္ဘာနဲ့ နှစ်ပေါင်းများစွာ အဆက်အသွယ် ဖြတ်တောက်ခံခဲ့ရတာတွေကို ကြံ့ကြံ့ခံရပ်တည်ခဲ့သူ၊ သံမဏိလို ခွန်အားနဲ့ မယိမ်းမယိုင် ခိုင်မာတဲ့သူ” - လို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဝါရှင်တန်မြို့တော် သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီ အမှတ်တရအဆောက်အဦးကြီးရဲ့ ဆုပေးပွဲခမ်းမမှာ မနေ့ညကပြောဆိုသွားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကိုလွတ်မြောက်ရေးအတွက်ရှေ့ဆောင်လမ်းပြရုန်းကန်လှုပ်ရှားသူအဖြစ် ဆယ်စုနှစ်ရဲ့အသံဆိုတဲ့ ခေါင်းစဉ်နဲ့ Vital Voices Global Partnership အဖွဲ့က ဂုဏ်ပြုချီးမြှင့်တာဖြစ်ပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့ပါတီကို မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ဖြစ်စဉ်တွေမှာ ပါဝင်ခွင့်ပေးဖို့ မြန်မာအာဏာပိုင်တွေကို ကျမထပ်ပြီး တောင်းဆိုလိုပါတယ်။ သူတို့ကို လွတ်လပ်စွာ လှုပ်ရှားခွင့်နဲ့ စုရုံးခွင့်တွေ ပေးဖို့လည်း တောင်းဆိုပါတယ်။” - လို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က ပြောဆိုသွားပါတယ်။

၁၉၉၇ ခုနှစ်ကတည်းက အဲဒီအချိန် သမ္မတကတော်ဟောင်းဖြစ်ခဲ့တဲ့ ဟီလာရီကလင်တန်နဲ့ နိုင်ငံခြားရေးဝန်ကြီးဟောင်း မယ်ဒလင်းအောဘရိုက်တို့က Vital Voices Global Partnership အဖွဲ့ကို တည်ထောင်ခဲ့ပြီး အမျိုးသမီးအခွင့်အရေးနဲ့လွတ်မြောက်ရေးအတွက်ဦးစီးဦးဆောင်လှုပ်ရှားသူတွေကို နှစ်စဉ် ဂုဏ်ပြုချီးမြှင့်လေ့ ရှိပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလဲ အခမ်းအနားအတွက် ဗွီဒီယိုကတဆင့် အမှာစကားပေးပို့ခဲ့ပါတယ်။

“ကျမတို့ဟာ လွတ်မြောက်ရေးအတွက် ရုန်းကန် လှုပ်ရှားနေသူတွေ၊ အခြေခံ အခွင့်အရေးအတွက် ရုန်းကန် တိုက်ပွဲဝင်နေသူတွေဆိုတာ လူတွေ သတိတရ ရှိစေချင်ပါတယ်။ အမျိုးသမီးတွေအတွက် အခြေခံ အခွင့်အရေးတွေတင် မဟုတ်ဘဲ ပြည်သူပြည်သား အားလုံးရဲ့ အခြေခံ အခွင့်အရေးအတွက် ရုန်းကန်လှုပ်ရှားနေသူတွေ ဖြစ်ပါတယ်။” - လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုသွားပါတယ်။

တိုင်းရင်းသားလူမျိုးစုဒေသတွေမှာ ဆယ်စုနှစ်ချီကြာခဲ့တဲ့ ပဋိပက္ခတွေနဲ့အတူ မြန်မာပြည်ဟာလွတ်လပ်ရေးရပြီးကတည်းကစစ်မှန်တဲ့ ညီညွတ်ရေးကို မတည်ဆောက်နိုင်သေးတဲ့အကြောင်းကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်း ပြောဆိုသွားပါတယ်။ မြန်မာပြည်ရဲ့ တိုင်းရင်းသားတွေအကြား စစ်မှန်တဲ့ စည်းလုံးညီညွတ်မှုကို ဘယ်တိုင်းရင်းသားမျိုးနွယ်စုကဖြစ်ဖြစ် အမျိုးသမီးတွေ အချင်းချင်းညီ

**စာမျက်နှာ ၅ သို့**


| | | | | | |
|---|---|---|---|---|---|
| **အီးယူပိတ်ဆို့မှုတချို့ ခေတ္တလျှော့သော်လည်း အဖွဲ့ ချုပ်က မူမပြောင်း** | **စစ်အုပ်စုဟာ မည်သူ့စွမ်းဆောင်မှုမှမဟုတ် သူ့ တို့ဟာသူတို့ နောက်ဆုတ်** | **အာဏာပိုင်များ၏ အကန့် သတ်များကြောင့် ရိုးရာအတာသင်္ကြန် မစည်နိုင်** | **ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ မြန်မာအတာသင်္ကြန်ပွဲ စုပေါင်းကျင်းပကြ** | **နအဖအစိုးရသစ်နိုင်ငံခြားရေးဝန်ကြီးသစ် အပြော စောင့်ကြည့်သင့်** | **ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် အညတြသူရဲ ကောင်းဆု ချီးမြှင့်မည်** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၇** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၃** | **စာမျက်နှာ ၁၅** | **စာမျက်နှာ ၁၈** |

VOB အာဘော်

# ရင်းနှီးမြှုပ်နှံမှုအသစ် ဆွဲဆောင်ခြင်း

၂၀၁၀ရွေးကောက်ပွဲအရလူထုရွေးချယ်တင်မြှောက်မှုဖြင့်ပေါ်ပေါက်လာသည်ဆိုသောမြန်မာနိုင်ငံမှ သမတဦးသိန်းစိန်ဦးဆောင်သော အစိုးရသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများဖြင့် နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းနေပြီဟုဆိုသည်။ တဆက်တည်းမှာပင်နိုင်ငံတကာမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများပိုမိုပြုလုပ်လာစေရန် ဆွဲဆောင်မှုများကိုကြိုးပမ်းလာပေသည်။

ဦးသိန်းစိန်၏နိုင်ငံခြားရေးဝန်ကြီးကအာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်တွေ့ဆုံကာနိုင်ငံ၏ အခြေအနေကို မကြာသေးခင်က ရှင်းပြခဲ့သည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုပြုရေးအခြေအနေများကို ရှင်းလင်းပြောဆိုခဲ့သည်။ အစိုးရအပြောင်းအလဲဖြစ်ပြီဆိုလျှင်အစိုးရသစ်သည် ၎င်း၏သဘောထား၊ လုပ်ငန်းစဉ်၊ မူဝါဒများကို ထုတ်ပြန်ပြောဆိုကာအများနားလည်စေရန် ရှင်းလင်းပြောဆိုလေ့ရှိသည်။ ထိုလုပ်ဆောင်မှုကို ဦးသိန်းစိန်အစိုးရက ဆောင်ရွက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်အစိုးရနှင့်နီးစပ်သည့် စီးပွားရေးလုပ်ငန်းရှင်အနည်းငယ်များသာ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းကြီးများကို ကိုင် တွယ်လုပ်ကိုင်လျက်ရှိသည်။ သမတဦးသိန်းစိန်အစိုးရဖြစ်လာသောအခါ ထိုစီးပွားရေးလုပ်ရှင်များထဲမှ အချို့သည် အမတ်များ ဝန်ကြီးများ ဖြစ်လာကြသည်။ စီးပွား ရေးအင်ပါယာကိုထိန်းချုပ်မှုအပြင် နိုင်ငံရေးအင်ပါယာကိုပါ အင်အားတောင့်တင်းစွာဖြင့် တိုးချဲ့ချုပ်ကိုင်နိုင်ရေးကြိုးပမ်းချက်အဖြစ် ရှုမြင်နိုင်ပေသည်။ လူတစုလက်ဝါးကြီးအုပ်စီးပွားရေးစနစ်ကို လွတ်လပ်သည့်တံခါးဖွင့်စီးပွားရေးမူဝါဒကျင့်သုံးနေပါသည်ဟု ပြောဆို လုပ်ဆောင်နေသည်။

မြန်မာပြည်တွင်းစီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးရှိပမာဏအသီးသီးသည် အာဏာပိုင်အဆင့်ဆင့်၏ခွင့်ပြုချက် သို့မဟုတ် ပေါင်းဖက်ဆက်နွယ်မှုမရှိပဲနှင့်လုပ်ဆောင်နိုင်ခြင်းမရှိသည်မှာ ပကတိအခြေအနေဖြစ်သည်။ အကျင့်ပျက်လာဘ်စားမှုများသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင်ဖြစ်ထွန်းနေသည်။ ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပါအဝင် မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အာဏာချုပ်ကိုင်ထားသူများနှင့် သဟဇာတဖြစ်ရန်လုပ်ဆောင်နိုင်ခြင်းမရှိပဲနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုများကို အောင်မြင်စွာလုပ်ကိုင်နိုင်ရန်မှာ မလွယ်ကူပေ။

ထို့ကြောင့် နိုင်ငံရေးအာဏာနှင့်စီးပွားရေးနယ်ပယ်ကို လူနည်းစုလက်ဝါးကြီးအုပ်ချုပ်ကိုင်ချယ်လှယ်နေသောမြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုထိရောက်စွာထွန်းကားခြင်းမရှိသေးသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်မည်ဆိုလျှင် သတိကြီးစွာထားရှိရမည့်အခြေအနေတွင်ရှိနေသည်ဟု ရေးသားလိုက်ရပေသည်။

---

# ဥရောပသမဂ္ဂမှ ပိတ်ဆို့မှု သက်တမ်းတိုးမှုအပေါ် အဲန်အယ်လ်ဒီကြိုဆို

**RFA ၊ ဧပြီ ၁၃ ။** ။ EU ဥရောပသမဂ္ဂက မြန်မာအစိုးရအပေါ် ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုသက်တမ်း နောက်တနှစ် တိုးလိုက်တာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦးက ကြိုဆိုလိုက်ပါတယ်။

အဲဒီသက်တမ်းတိုးမှုမှာ အစိုးရအဖွဲ့ထဲက အရပ်သားဝန်ကြီးတချို့ကို ပြည်ဝင်ခွင့်ဗီဇာတနစ် ဖွင့်ပေးလိုက်တဲ့ကိစ္စနဲ့ပတ်သက်လို့ ဒါဟာ မြန်မာအစိုးရဖက်ကပြောင်းလဲလာမလားဆိုတာ စမ်းသပ်တာဖြစ်လိမ့်မယ်လို့ယူဆတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကန့်ကွက်စရာမရှိဘူးလို့ဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဦးတင်ဦးက RFA ကို ခုလို ပြောပြပါ တယ်။

"လက်ရှိ ရှိနေတဲ့အရပ်သားအရာရှိ ထိပ်ပိုင်းပုဂ္ဂိုလ်တွေနဲ့ ပတ်သက်လို့ လုပ်ငန်းကိုင်ငန်းဆက်သွယ်ရေး လာပြီးလုပ်ဖို့အတွက် လွယ်ကူအောင်အလို့ငှာ တနစ်ဗီဇာပေးတယ်ဆိုတာ ဒါက တော့ သူတို့ ဒါ စမ်းသပ်ကြည့်တဲ့သဘောပဲပဲလေ။ အဲဒီတော့ အဲလိုစမ်းသပ်တဲ့အပေါ်မှာ သူကဘယ်လောက် လိုက်လျော ပြီးတော့ ကျွန်တော်တို့ ဒီမိုကရေစီအင်အားစုအပေါ်မှာပေးမလဲ။ ဒါ သူနည်းနည်းလေးတံခါးဖွင့်ကြည့်တဲ့သဘောပါပဲ။ ဒါတွေအပေါ်မှာတော့ ကျွန်တော်တို့က အထူးပြောစရာမလိုဘူး။"

"မူကတော့ဖြင့် သူတို့အီးယူကပဲဆက်လက်ပြီးတော့ အရေးကြီးတဲ့စီးပွားရေးပိတ်ဆို့မှု အရင်ဟာတွေအားလုံးကတော့ ဒီတိုင်းပဲဆက်လက်ပြီးထားတယ်ဆိုတဲ့သဘောလို့ ကျွန်တော်နားလည်လိုက်တယ်။ အဲဒါအတွက်တော့ကြိုဆိုပါတယ်။"

စီးပွားရေးပိတ်ဆို့မှုနဲ့ပတ်သက်လို့ ပြုပြင်မွမ်းမံနိုင်ဖို့အတွက် အရေးယူထားတဲ့နိုင်ငံတွေအနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဆွေးနွေးဖို့ကို ဖေဖော်ဝါရီလ ၈ ရက်နေ့ထုတ် NLD ကြေညာချက် မှာ ဖိတ်ခေါ်ထားပါတယ်။

ပိတ်ဆို့မှုနဲ့ပတ်သက်လို့ ရုပ်သိမ်းရေး-မရုပ်သိမ်းရေး စဉ်းစားတဲ့အခါမှာလည်း မြန်မာနိုင်ငံက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ တောင့်တင်းခိုင်မာတဲ့စီးပွားရေးအခြေအနေတွေကို ထည့်သွင်းစဉ်းစားဖို့လိုအပ်တယ်လို့လည်း NLD ပါတီကထောက်ပြခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေကို ဆက်ပြီးထားဦးမယ်လို့ အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ် ကင်းဘဲလ်က ပြီးခဲ့တဲ့ သီတင်းပတ်ထဲမှာပြောကြားခဲ့ပါတယ်။

# အီးယူပိတ်ဆို့မှုတချို့ ခေတ္တလျှော့သော်လည်း အဖွဲ့ချုပ်က မူမပြောင်း

**VOA ၊ ဧပြီလ ၁၃ ။** ။ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ ပိတ်ဆို့အရေးယူမှုတွေဟာ အကျိုးမဲ့လုပ်ရပ်မဟုတ်ဘူးလို့ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောကြားလိုက်ပါတယ်။ အီးယူဥရောပသမဂ္ဂက မြန်မာအာဏာပိုင်တွေအပေါ်ထားရှိတဲ့ ပြစ်ဒဏ်ထဲက တချို့အချက်တွေကို ခေတ္တဆိုင်းငံ့လိုက်တဲ့အပေါ် တုံ့ပြန်ပြောကြားရာမှာ NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက အခုလိုပြောကြားလိုက်တာပါ။တချိန်တည်းမှာပဲ ပိတ်ဆို့ အရေးယူထားတာတွေကို ရုပ်သိမ်းပေးဖို့တောင်းဆိုနေတဲ့ ဒီမိုကရေစီ မဟာမိတ် ၁၀ ပါတီအဖွဲ့ဝင် ရခိုင် တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကတော့ အီးယူဘက်က အခုလို သက်ညှာမှုပြသလို မြန်မာအာဏာပိုင်တွေဘက်ကလည်း တုံ့ပြန်ဆောင်ရွက်ချက်ပြသဖို့မျှော်လင့်တယ်လို့ဆိုပါတယ်။

မြန်မာအစိုးရအပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေနဲ့ပတ်သက်လို့ NLD ရဲ့သဘောထား မပြောင်းလဲတဲ့အကြောင်းကိုတော့ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက အခုလိုတုံ့ပြန်ပြောဆိုခဲ့ပါတယ်။

"ကျနော်တို့ Sanctions (ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု) နဲ့ပတ်သက်ပြီးတော့ NLD မူက မပြောင်းပါဘူး။ အခု အီးယူကလုပ်တာကိုလည်း ကျနော်တို့နားလည်တာက Sanctions တွေရုပ်သိမ်းဖို့သူတို့က လမ်းဖွင့်ပေးတဲ့သဘောပဲ။ သူတို့က Time Limit အချိန်ကာလသတ်မှတ်ချက်လည်းပါတယ်လို့ပြောပါတယ်။ အဲဒီသတ်မှတ်ချက်ပြည့်လို့မှ ဘာမှမထူးလာရင် အရင်အတိုင်းပဲပြန်ဖြစ်မယ်ဆိုတဲ့အဓိပ္ပါယ်လည်း ယူလို့ရပါတယ်။ အဲဒီတော့ ကျနော်တို့ အဖွဲ့ချုပ်အနေနဲ့ကတော့ Sanctions ဟာ ကျနော်တို့ကိစ္စတော့ မဟုတ်ဘူး။ သို့သော် အဲဒါထားခြင်းအားဖြင့် ကျနော်တို့ အကျိုးမဲ့မဟုတ်ဘူးလို့ ဒီလိုပဲမြင်ပါတယ်။" NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်း ပြောပြခဲ့တာပါ။

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) ဥက္ကဋ္ဌဒေါက်တာအေးမောင်က အီးယူဘက်က အခုလို သဘောထားပျော့ပြောင်းပေးလာသလိုပဲ အစိုးရဘက်ကလည်း လိုက်လျောလုပ်ဆောင်ဖို့ သူ့အနေနဲ့ မျှော်လင့်တယ်လို့ ဆိုပါတယ်။

"ပျော့ပျောင်းလာတယ်လို့ပဲ ယူဆပါတယ်။ ကျနော်တို့ လက်ရှိလည်းပဲ ဖွဲ့စည်းပုံအရ ပေါ်ပေါက်လာတဲ့ အစိုးရက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို စတင်လှမ်းနေပြီလို့ ကျနော်တို့ယူဆရတဲ့သဘောတွေကို မေးခွန်းသုံးခုက ဖော်ပြနေတယ်လေ။ အဲဒီတော့ ကျနော်တို့ ပြည်ထောင်စုအစိုးရ အဖွဲ့မှာလည်း ခုနက အီးယူက ပြောသလိုပဲလေ အရပ်သားတွေလည်း ပါလာပါတယ်။ ပြည်ခိုင်ဖြိုးပါတီဝင်ဖြစ်ကောင်းဖြစ်နိုင်တာ ပေ့ါနော်။ ဒါပေမဲ့လို့ အခုလို အီးယူကစပြီးတော့လျှော့ပေါ့ပေးတာကိုကြိုဆိုပါတယ်။ အများကြီးလည်း ပွင့်လင်းမြင်သာတဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး အစီအစဉ်လေး စနစ်တကျနဲ့ဖြစ်လာမယ်လို့ ကျနော်တို့ ပြည်ထောင်စုအစိုးရအပေါ်မှာ ကျနော်တို့မျှော်မှန်းပါတယ်။ ကောင်းတဲ့လက္ခဏာကို စပြီးလှမ်းတယ်၊ အဲဒီဟာပေါ်ကို မူတည်ပြီးကာမှလည်း မြန်မာနိုင်ငံပြည်ထောင်စု အစိုးရကလည်းပဲ သူလှမ်းသလို ကိုယ့်ဘက်ကလည်း လှမ်းနိုင်မယ်လို့ ကျနော်ယူဆပါတယ်ခင်ဗျ။"

RNDP ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင် ပြောပြခဲ့တာပါ။ RNDP ပါတီဟာ အီးယူနဲ့ အမေရိကန်ပြည်ထောင်စု အပါအဝင်တခြား နိုင်ငံတွေက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ အရေးယူထားတာတွေ ပြန်ရုပ်သိမ်းပေးဖို့ တောင်းဆိုနေကြတဲ့ ဒီမိုကရေစီ မဟာမိတ် ၁၀ ပါတီအဖွဲ့ဝင် ပါတီတခုလည်းဖြစ်ပါတယ်။

တဆက်တည်းမှာပဲ ဒီကိစ္စနဲ့ပတ်သက်ပြီး ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား နိုင်ငံများဆိုင်ရာ အီးယူသံအမတ်ကြီး ဒေးဗစ်လစ်ပ်မဲန် (David Lipman) ကတော့ အရေးယူမှုတွေ ခေတ္တရပ်ဆိုင်းထားတာဟာထိတွေ့ဆက်ဆံမှုပြုလုပ်လိုတဲ့အတွက် ဖြစ်တယ်လို့ အခုလိုပြောကြားခဲ့ပါတယ်။

"ကျနော်တို့ဟာ ထိတွေ့ဆက်ဆံဖို့လိုပါတယ်။ မြန်မာအစိုးရနဲ့ဆက်ဆံလိုပါတယ်။ တခြား ဒီမိုကရေစီ အင်အားစုတွေနဲ့ထိတွေ့လိုပါတယ်။ ဒါကြောင့် ကျနော်တို့ဟာ ဒီ ဒဏ်ခတ်အရေးယူမှုအချို့ကို ဆိုင်းငံ့လိုက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့အဆင့်မြင့် ထိတွေ့ဆက်ဆံရေးတွေ လုပ်နိုင်ဖို့အတွက် အခုလိုဆိုင်းငံ့တာဖြစ်ပါတယ်။"အီးယူသံအမတ်ကြီး ဒေးဗစ်လစ်ပ်မဲန် ပြောကြားခဲ့တာဖြစ်ပါတယ်။

---

# မီးသတ်သင်တန်းအတွက် ငွေကောက်

**DVB ၊ ဧပြီလ ၁၂ ။** ။ ချင်းပြည်နယ် ဟားခါးမှာ မီးသတ်သင်တန်းဖွင့်ဖို့ ရန်ပုံငွေဆိုပြီး ဒေသခံတွေဆီမှာ သက်ဆိုင်ရာအာဏာပိုင်တွေက ဧပြီလဆန်းကစပြီး တအိမ်ကို ကျပ်ငွေ ၁၀၀၀ လိုက်ကောက်နေတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

"ဟားခါးမှာ ရပ်ကွက်ပေါင်း ၈ ရပ်ကွက်ရှိတယ်။ အဲဒီရပ်ကွက်တိုင်းလိုလိုမှာ ရပ်ကွက် ရယကဥက္ကဋ္ဌတွေကနေပြီး တအိမ်ကို တထောင်စီ ကောက်ထားတယ်။ အဲဒါ တကယ့်အရေးကြီးလာရင် အသုံးပြုနိုင်ဖို့ မီးသတ်သင်တန်းအိမ်တိုင်းတက်ရမယ်ဆိုပြီး တအိမ်ကို တထောင်နှုန်းကောက်တယ်။"

မီးသတ်သင်တန်းကို နှစ်တိုင်းလုပ်နေတာမှာ အရင်နှစ်ကဆိုရင် လက်တွေ့မီးသတ်သင်တန်းကို သေချာသင်ကြားရတာမဟုတ်ဘဲ စစ်သင်တန်းလိုပုံစံဖြစ်နေတယ်လို့ ချင်းဒီဗွီဘီသတင်းစဉ်ရဲ့ မအဲန်းနီက ပြောပါတယ်။

"၂၀၀၉ ကတည်းကစလို့ နှစ်တိုင်းသင်တန်းပေးတယ်။ ဒီနှစ်လည်း အဲဒီမီးသတ်သင်တန်းအတွက် သင်တန်းကာလက တလကြာမယ်လို့ ပြောတယ်။ အဲဒီသင်တန်းမှာ အရင်တုန်းက သင်တန်းဝတ်စုံခကို တယောက် ၃၀၀၀ တောင်းတယ်။ ကျနော်တို့ အိမ်တိုင်းကလည်း ၁၀၀၀ စီပေးရတယ်။ ပြီးတော့ သင်တန်းမှာ သင်ပေးတာက ချီတက်ပုံချီတက်နည်း သင်ပေးတယ်။ ပြီးတော့ သေနတ်ကို ဘယ်လိုကိုင်ရမယ်။ အဲဒါမျိုးကို သင်ပေးတယ်။ အဲဒါက တကယ့်မီးဘေးအန္တရာယ် ကြုံတဲ့နေရာမှာ အသုံးဝင်တဲ့ မီးသတ်သင်တန်းတော့ မဟုတ်ပါဘူး။အဲဒီသင်တန်းမှာ စစ်လေ့ကျင့်ခန်းတွေသင်ပေးမလားမသိဘူး။"

ပြီးခဲ့တဲ့ မတ်လလယ်လောက်က ဟားခါးမြို့နယ်မှူးတွေ၊ ဌာနဆိုင်ရာအကြီးအကဲ၊ ရပ်ကွက်နဲ့ကျေးရွာလူကြီးတွေက အစိုးရစစ်မှုမထမ်းမနေရဥပဒေကို အကောင်အထည်ဖော်ဖို့ လိုအပ်တဲ့ရန်ပုံငွေကို ပြည်သူတွေဆီက စုဆောင်းရေး၊ အသက် ၁၈ နှစ်ပြည့်ပြီးတဲ့သူတွေ စာရင်းကို ဧပြီလ ၁၀ ရက်နေ့နောက်ဆုံးထားပြီး ပေးပို့ဖို့အစည်းအဝေးလုပ်ပြီးတဲ့နောက် အခုလိုမီးသတ်ရန်ပုံငွေတွေ လိုက်ကောက်နေတာ ဖြစ်ပါတယ်။

# နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန် သမတဦးသိန်းစိန်ထံ အဖွဲ့ချုပ်စာပို့

**VOA ၊ ဧပြီလ ၁၁ ။** ။ မြန်မာသမ္မတသစ်အနေနဲ့ တိုင်းပြည်မှာတရားဥပဒေစိုးမိုးရေးရှိဖို့လိုတယ်လို့ ကျမ်းသစ္စာကျိန်ဆိုပွဲမှာ ကတိပြုသွားတဲ့အတိုင်း လက်တွေ့ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီက စာတစောင်ပေးပို့ တိုက်တွန်းလိုက်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ပထမခြေလှမ်းအဖြစ်နိုင်ငံရေးအကျဉ်းသားတွေကိုပြန်လွှတ်ပေးတာလိုဥပဒေနဲ့အညီလုပ်ဆောင်တဲ့ကိစ္စတွေကိုစတင်ဖို့လည်း သမ္မတသစ်ကို ပေးပို့တဲ့စာမှာ ဖော်ပြခဲ့တာပါ။ အစိုးရသစ်ကို ဦးဆောင်ပြီး သမ္မတဖြစ်လာတဲ့ ဦးသိန်းစိန်ကိုပေးပို့တဲ့စာနဲ့ပတ်သက်လို့ NLD ပါတီ ဒုဥက္ကဋ္ဌ ဦးတင်ဦးက အခုလိုရှင်းပြပါတယ်။

"ဦးသိန်းစိန်က တိုင်းပြည်နဲ့ပတ်သက်တဲ့ Rule of Law ကိုသိပ်ပြောတယ်လေဗျာ၊ သူ့ရဲ့မိန့်ခွန်းထဲမှာ။ ကျနော်တို့ လောကပါလတရားတို့ဘာတို့ပေါ့ဗျာ။ ပြောတယ်လေ။ ကျနော်တို့ကလည်း ဒါကိုပဲ လိုချင်တာပါ။ကျနော်တို့တိုင်းပြည်မှာအေးအေးချမ်းချမ်းဖြစ်ဖို့ဆိုတာကတော့ သူ့ရဲ့မိန့်ခွန်းထဲမှာပါတဲ့အတိုင်း ပြည့်ပြည့်စုံစုံပေါ့။ ကျနော်တို့ ဒါ တရားမျှတမှု၊ ဖြောင့်မတ်မှုဆိုတာကိုပြောတာပါ။ အဲဒီဟာနဲ့ ပတ်သက်ပြီးတော့ သူပြောထားတဲ့ လောကပါလတရားအတိုင်းပေါ့နော် အဲဒါကိုလုပ်မယ်လို့ ခင်ဗျား (ဦးသိန်းစိန်) ပြောထားတာနဲ့ပတ်သက်လို့ ကျနော်တို့က ကြိုဆိုတယ်ပေါ့ဗျာ။ ဒါပေမဲ့လို့ အခုတွေ့နေရတဲ့ အချိန်အတောအတွင်းမှာ ဒီကနေ့အထိကတော့ဖြင့် ခင်ဗျားပြောထားတဲ့ဆိုထားတဲ့အချက်အလက်တွေကတော့ ကျနော်တို့ အရိပ်အယောင်မတွေ့သေးဘူးပေါ့ဗျာ။ သို့သော်လည်း ခင်ဗျားပြောထားတဲ့အတိုင်း ဆက်လက်ပြီးတော့ တရားမျှတမှု၊ ပြည်သူလူထုအပေါ်မှာ အားလုံးရကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်ဆိုတဲ့အကြောင်းကို ကျနော်တို့က သူတို့ဆီရေးလိုက်တာ။ ဒါပါပဲ။ အဲဒီဟာနဲ့အညီလုပ်ပါလို့ ကျနော်တို့က တိုက်တွန်းတာပါပဲ။"

သမ္မတသစ် ဦးသိန်းစိန်ပြောကြားခဲ့တဲ့ မိန့်ခွန်းထဲ မြန်မာနိုင်ငံမှာ ဥပဒေစိုးမိုးရေးကို လုပ်ဆောင်မယ်လို့ ထည့်သွင်းပြောကြားခဲ့တာကြောင့် ဥပဒေစိုးမိုးရေးကို တကယ်လိုလားရင် နိုင်ငံရေးအကျဉ်းသားတွေ အရင်လွှတ်ပေးဖို့ လိုအပ်တဲ့အကြောင်း တောင်းဆိုတဲ့စာကို NLD က ပေးပို့ခဲ့တာပါ။ အခုပို့လိုက်တဲ့စာဟာ တက်လာတဲ့အရပ်သားအစိုးရသစ်နဲ့ လက်တွဲလုပ်နိုင်ဖို့ အလားအလာရှိမရှိ စမ်းသပ်ပေးပို့တဲ့စာဖြစ်တဲ့အကြောင်းကိုလည်း ဦးတင်ဦးက ဆက်ပြောပါတယ်။

"စပြီးတော့ test (စမ်းသပ်) လုပ်ကြည့်တာပါလေ။ တယောက်နဲ့တယောက် ဆက်သွယ်မှု သူပြောထားတဲ့အတိုင်းကလည်း ကျနော်တို့ လိုလားတဲ့အတိုင်း ဒီနှစ်ခုက ကျနော်တို့သဘော တူညီမှုရှိနိုင်တဲ့သဘောပေါ့ဗျာ။ အဲဒီအပေါ်မှာ ကျနော်တို့က ဒီအတိုင်းလေးလုပ်ပါဆိုတဲ့ဟာကို စပြီးတော့ စကားဆက် ကြည့်တာပဲလေ။ ကျနော်တို့ကိုဆက်သွယ်ပဲ ဆက်သွယ်မလား၊ မဆက်သွယ်ဘဲ ဒီလိုပဲထားမလား။ ဒါကတော့ သူတို့အကြောင်းပြန်မှ သိမှာပေါ့ဗျာ။ ခါတိုင်းဆိုရင်တော့ဒီလိုအကြောင်းပြန်ချင်လည်းပြန်တယ်။ မပြန်ရင်လည်းသတင်းစာထဲမှာ ကျနော်တို့ရေးတဲ့စာသားကို တုံ့ပြန်တဲ့သဘောထားတွေတော့ ရေးတတ်တာတွေရှိတယ်။ အဲဒါတော့ ကျနော်တို့စောင့်ကြည့်နေတယ်ပေါ့။"

မြန်မာနိုင်ငံမှာ အစိုးရသစ်တရပ်ပြောင်းသွားခဲ့ပေမဲ့လည်း တိုင်းပြည်အတွင်း ဥပဒေစိုးမိုးမှုကင်းမဲ့တဲ့လုပ်ရပ်တွေ နေရာအနှံ့မှာရှိနေတုန်း ပဲဆိုတာကိုလည်း ဦးတင်ဦးက ထောက်ပြ ပြောဆိုပါတယ်။

"ဒီလိုဟာလေးတွေအပေါ်မှာ တူတယ် ညီတယ်၊ သူတို့လည်း တကယ်လုပ်တယ်ဆိုရင် ကျနော်တို့ဝမ်းသာတာပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ အဖမ်းအပြုခံနေရတဲ့ အနောင်အဖွဲ့ထဲမှာ အများဆုံးက ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေက ခံရတာကိုး။ ဒီကြားထဲမှာလည်းပဲ လယ်သမားတွေနဲ့ပတ်သက်ပြီးတော့ မြေယာသိမ်းတာကို ကျနော်တို့ တောင်းဆိုတာတွေနဲ့ ပတ်သက်ပြီးတော့ တရားစွဲတာတွေဆိုရင် ရိုက်တယ်ပြုတယ်ဆိုတာတွေက ကြားနေရတော့ အဲဒါလေးတွေအပေါ်မှာ တရားမျှတမှုပေးပါလို့ ဒါလေးတွေကို ကျနော်တို့ ဖြစ်စေချင်တာပါ။ အဲဒါပါပဲ။ အဲဒါကိုကျနော်တို့က သူတို့လည်းတရားမျှတမှုနဲ့ပတ်သက်ပြီးတော့ Rule of Law လို့ပြောတယ်။ ကျနော်တို့ကလည်း အစစအရာရာ Rule of Law ကိုပဲ ဖြစ်ချင်တယ်ပေါ့နော်၊ အေးချမ်းအောင်ဆိုရင် ဒီမိုကရေစီဖြစ်အောင်ဆိုရင်။ အဲဒါက ဒီအပေါ်မှာ သဘောထားက ခင်ဗျားတို့ ဒါလေးတွေကိုတော့ အောင်အောင်မြင်မြင် ဖြစ်ဖြစ်မြောက်မြောက်လုပ်ပေးပါ၊ လုပ်ရင်တော့ ကျနော်တို့ကျေနပ်တယ်၊ ဝမ်းသာတယ်ပေါ့ဗျာ။ ကျေနပ်တယ်၊ သဘောကျတယ်ပေါ့ဗျာ။ အဲဒါလေးတွေကို ကျနော်တို့က စပျိုးကြည့်တာပဲလေ။ "

အစိုးရသစ်အနေနဲ့ ပြောထားတဲ့အတိုင်း တကယ် လက်တွေ့မှာလုပ်ဆောင်ခြင်း ရှိမရှိဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာဖြစ်တယ်လို့ဆိုပါတယ်။

"သူတို့ တကယ်ပဲ လုပ်သလား မလုပ်ဘူးလားဆိုတာ ကြည့်မှာပေါ့။ အခုနိုင်ငံရေးအကျဉ်းသမားများနဲ့ပတ်သက်ပြီးတော့တောင်မှလိပ်ခဲတည်းလည်းဖြစ်နေသေးတာပဲ။ ဘာအရောင်မှ မထွက်သေးဘူးလေ။ သိတဲ့အတိုင်းပဲ။ အဲဒီတော့ ဒါတွေကို စောင့်ကြည့်ရမှာပေါ့။ အဓိကကတော့ ကျနော်တို့ နိုင်ငံရေးအကျဉ်းသမားများ အားလုံးသာလွှတ်ဖို့ဆို တဲ့ ဟာကအရေးကြီးတာကိုး၊ကျနော်တို့အတွက်က။နောက်ပြီးတော့ ဒါကသိပ်လည်းမျှော်လင့်ကြတယ်လေ။ နိုင်ငံရေးအကျဉ်းသားတွေရဲ့မိသားစုတွေ ဆွေမျိုးသားချင်းတွေအားလုံးကလည်း မျှော်လင့်ကြတယ်။ ကျနော်တို့ကလည်းပဲ ခုနကပြောတဲ့ ဦးသိန်းစိန်ပြောတဲ့အတိုင်း Rule of Justice တို့ Rule of Law တို့နဲ့ ဆိုရင်တော့ဖြင့် ဒါစဉ်းစားကောင်း စဉ်းစားရဲ့ဆိုပြီးတော့ စောင့်စားနေတာ။ သို့သော် အခုထက်ထိတော့မလာသေးဘူးပေါ့။ သင်္ကြန်ပြီးလို့နှစ်ဆန်း တရက်တို့ ဘာတို့ကျရင်တော့ လာမလားပေါ့ဗျာ။အဲဒီလိုဟာလေးတွေကလည်း လူတွေက တွေးကြတာပေါ့ဗျာ။"

သမ္မတ ဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရသစ်ထံ NLD က ရေးသားပေးပို့ခဲ့တဲ့ စာပါအကြောင်းအရာတွေကို ဒုဥက္ကဋ္ဌ ဦးတင်ဦးက ပြောပြခဲ့တာပါ။ NLD က ရေးသားပေးပို့ခဲ့တဲ့စာနဲ့ပတ်သက်လို့ အခုချိန်ထိ တစုံတရာ အကြောင်းပြန်ကြားခြင်းတော့ မရှိသေးပါဘူး။

အရင်စစ်အစိုးရလက်ထက်မှာအကြိမ်ကြိမ်ပြောခဲ့တဲ့အတိုင်းဘဲ NLD အနေနဲ့ အမျိုးသားရင်ကြားစေ့ရေး ဖြစ်ပေါ်လာအောင် တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဆောင်ဖို့ အမြဲတမ်း တံခါးဖွင့်ထားတယ်ဆိုတာကို

**စာမျက်နှာ ၅ သို့**

**မျက်နှာဖုံးမှ**

ညွှတ်မှုနဲ့ အစပျိုး ထူထောင်နိုင်မယ်လို့ တွေးမိတဲ့အကြောင်းကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုသွားပါတယ်။

"ပြီးခဲ့တဲ့နှစ်က ရွေးကောက်ပွဲ ကျင်းပခဲ့တာ၊ အခု ရွေးကောက်ခံ ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ခေါ်ယူခဲ့တာကို ကြည့်ပြီး ဒါဟာတိုးတက်မှုဖြစ်တယ်၊ ဒီမိုကရေစီရေးအတွက် ခြေလှမ်းတခုဖြစ်တယ်လို့ ရှုမြင်သူတွေကို ကျမတို့အနေနဲ့ ပိုပြီး သတိထားဖို့ စစ်မှန်တဲ့တိုးတက်မှု ဟုတ်မဟုတ် သေသေချာချာသတိထားကြည့်ဖို့ သတိပေးချင်ပါတယ်။" လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုသွားပါတယ်။

ဒီအချိန် မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့အရာက နိုင်ငံရေးဖြစ်စဉ်တွေမှာအားလုံးပါဝင်ခွင့်ရှိဖို့ဖြစ်တယ်လို့လည်းဒေါ်အောင်ဆန်းစုကြည်ကပြောဆိုပါတယ်။ မြန်မာပြည်ရဲ့ လက်ရှိအနေအထားကို တိုးတက်တဲ့ အဆင့်လို့ မြင်ချင်တဲ့သူတွေက နိုင်ငံရေးဖြစ်စဉ်ဆိုတာ ရွေးကောက်ခံ ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ခေါ်ယူတာ လောက်ကိုပဲ အကန့်အသတ်နဲ့ အဓိပ္ပါယ်ဖွင့်ချင်နေကြတဲ့အကြောင်း၊ ဒီမိုကရေစီကို အခိုင်အမာယုံကြည်တယ်ဆိုရင် ပြည်သူတွေအနေနဲ့ သူတို့ဘာသာ သူတို့လွတ်လွတ်လပ်လပ်နဲ့ ရွေးချယ်ပိုင်ခွင့်ရှိရမှာဖြစ်တဲ့အကြောင်းကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုသွားပါတယ်။

လွှတ်တော်ကတဆင့် ဆောင်ရွက်ချင်သူတွေအနေနဲ့ဆောင်ရွက်နိုင်သလို တဖက်မှာလည်း လွှတ်တော်ပြင်ပက လှုပ်ရှားဆောင်ရွက်လိုတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) လို အဖွဲ့အစည်းတွေအနေနဲ့လည်း တိုင်းပြည်ရဲ့နိုင်ငံရေး၊ လူမှုရေးနဲ့စီးပွားရေးဘဝစတဲ့ အခန်းကဏ္ဍတွေမှာလွတ်လပ်လုံခြုံစွာ ပါဝင်ဆောင်ရွက်ခွင့်ရှိသင့်တဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုပါတယ်။

အခမ်းအနားမှာဒီနှစ်အတွက် Vital Voices Global Partnership အဖွဲ့ကြီးက ဆုချီးမြှင့်ခံရတဲ့ တခြား ကင်မရွန်၊ အိန္ဒိယ၊ အာဖဂန်နစ္စတန်၊ အစ္စရေးစတဲ့ နိုင်ငံက ဆုရရှိသူ အမျိုးသမီးတွေကတော့ ဆုကို ကိုယ်တိုင်လက်ခံယူကြပါတယ်။

အခမ်းအနားမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ တောင်အာဖရိက ဘုန်းတော်ကြီးဒက်စမွန်တူးတူး၊ အမေရိကန်သမ္မတကတော် ဟောင်းလော်ရာဘုရှ်တို့နဲ့အတူ တခြားထင်ရှားတဲ့သူတွေရဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်တဲ့ ပြောပြချက်တွေပါတဲ့ ဗွီဒီယို မှတ်တမ်းတို့ကိုလည်း ပြသပါတယ်။ အခမ်းအနားအပိတ်မှာတော့ အိုင်ယာလန်နိုင်ငံက ရော့ခ်တေးဂီတ အဆိုတော်ဘိုနို ဒေါ်အောင်ဆန်းစုကြည် အတွက် ရည်ညွှန်းသီဆိုထားတဲ့ Walk On ဆိုတဲ့ သီချင်းကို သံစုံတီးဝိုင်းကြီးတွေနဲ့ ဖျော်ဖြေရေးအဖွဲ့တွေက ဝိုင်းဝန်းသီဆိုပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့တာဖြစ်ပါတယ်။

---

**စာမျက်နှာ ၄ မှ**

လည်း ဦးတင်ဦးက ပြောပါတယ်။

သမ္မတဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရသစ်အနေနဲ့ မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ စစ်မှန်တဲ့ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာဖို့ NLD အပါအဝင် မြန်မာ့နိုင်ငံရေးမှာ အရေးပါတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ကုလသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စုအပါအဝင် တိုင်းပြည်တော်တော်များများက တိုက်တွန်းထားကြသလိုပဲ ပြီးခဲ့တဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အစည်းဝေးတွင်းမှာလည်း နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ကိစ္စကို တောင်းဆိုခဲ့ကြပါတယ်။

# အမျိုးသားရင်ကြားစေ့ရေး တိုက်တွန်း

**DVB ၊ ဧပြီလ ၁၂ ။** ။ ထိုင်းနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံခြားရေးဝန်ကြီးကို မြန်မာနိုင်ငံအတွင်း ပြန်လည်ရင်ကြားစေ့ရေးအပါအဝင် တိုင်းရင်းသားလူမျိုးစုတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကနေ ဖြစ်ထွန်းတိုးတက်မှုတွေရှိလာဖို့ ထိုင်းက မျှော်လင့်တယ်လို့ တိုက်တွန်းလိုက်ပါတယ်။

ထိုင်းနိုင်ငံရောက်ရှိနေတဲ့ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ဟာ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကစစ်ပီရွန်နဲ့ ဘန်ကောက်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာတွေ့ဆုံဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေကို ထိုင်းနိုင်ငံခြားရေးဌာနအတွင်းဝန် နိုင်ဌာနီထောင်းဖတ်ဒီးပြောဆိုချက်ကို RYT ၉ ထိုင်းသတင်းက ကိုးကားရေးသားပါတယ်။ မနေ့ညဦးပိုင်းက တွေ့ဆုံပွဲမှာ ဝန်ကြီးနှစ်ဦးဟာ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ဖို့၊ နယ်စပ်တကြော လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ ဆက်လက်လုပ်ဆောင်ဖို့ သဘောတူခဲ့ကြတယ်လို့လည်း ဆိုပါတယ်။

မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကလည်း ထိုင်း–မြန်မာနှစ်နိုင်ငံအကြား ၂၀၀၂ ခုနှစ်က ချုပ်ဆိုခဲ့တဲ့အခွန်ကောက်ခံမှုစာချုပ်အပြင် ၂၀၀၄ ခုနှစ်မှာ ချုပ်ဆိုတဲ့ ရင်းနှီးမြှုပ်နှံမှုစာချုပ်တွေနဲ့ ပတ်သက်ပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာဘက်က ဆက်လုပ်နေပါတယ်လို့ ပြောဆိုခဲ့သလို မကြာခင်မှာ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်နေကြတယ်လို့ဆိုပါတယ်။ မကြာခင်မှာ စာချုပ်ပါအတိုင်း နှစ်ဘက်လုံးက စပြီး အကောင်အထည်ဖော်ဖို့ရှိတယ်လို့ ထိုင်းနိုင်ငံခြားရေးဌာနအတွင်းဝန် နိုင်ဌာနီထောင်းဖတ်ဒီးက ပြောဆိုပါတယ်။

မတ် ၃၀ ရက်က ခန့်အပ်ခံရတဲ့ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ဟာ ထိုင်းနိုင်ငံ ဘန်ကောက်မှာကျင်းပတဲ့ အရှေ့အာရှနိုင်ငံများ ထိပ်သီးအစည်းအဝေးရဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးတက်ရောက်နေတာဖြစ်ပြီး တနင်္ဂနွေနေ့ကလည်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးနဲ့ အလွတ်သဘော တွေ့ဆုံခဲ့ပါသေးတယ်။

---

# အစိုးရသစ်ခေတ် အခွင့်အရေး ပိုဆိုးရှုံး

**DVB ၊ ဧပြီလ ၁၁ ။** ။ ရခိုင်ပြည်နယ် သံတွဲမြို့မှာ နေထိုင်တဲ့ အစ္စလမ်ဘာသာဝင်တွေဟာ မြန်မာနိုင်ငံသား စိစစ်ရေးကတ်ပြားကိုင်ဆောင်ထားပေမယ့် အစိုးရသစ်လက်ထက်မှာ ခရီးသွားခွင့် ပိုတင်းကျပ်လာတယ်လို့ သံတွဲမြို့နေ အစ္စလာမ်ဘာသာဝင်တဦးက ပြောပါတယ်။

အရင်အစိုးရဟောင်းလက်ထဲက အစ္စလန်ဘာသာဝင်တွေအနေနဲ့ သံတွဲမြို့နယ်လောက်မှာ ခွင့်ပြုချက်တောင်းပြီးသွားလာလို့ ရပေမယ့် အခု ပြည်နယ်အထိသွားတောင်းခိုင်းတဲ့အတွက် သွားရေးလာရေးအခက်ဖြစ်ပြီး စားဝတ်နေရေးအဆင်မပြေတော့ဘူးလို့ သံတွဲမြို့ခံ အစ္စလန်ဘာသာဝင် ကိုကျော်လင်းကပြောပါတယ်။

"ဒေသခံ အစ္စလာမ်ဘာသာဝင်တွေက ခရီးသွားလာခွင့်ကို ရခိုင်ပြည်နယ်စစ်တွေကိုတင်ရတယ်။ ပြည်နယ်လဝကကို၊ ပြည်နယ်လဝကရဲ့ခွင့်ပြုမိန့်နဲ့မှ ခရီးသွားလာခွင့်ရှိတော့တယ်။ အဲတော့ အစိုးရဖွဲ့ပြီးနောက်ပိုင်းမှာ ကျနော်တို့ သမ္မတကြီးဦးသိန်းစိန်ပြောခဲ့တဲ့ နိုင်ငံသားတိုင်းကနိုင်ငံသားအခွင့်အရေးရရှိရမယ်။ တန်းတူအခွင့်အရေး ရရှိရမယ်ဆိုတာ ကျနော်တို့ လုံးဝမရရှိပါဘူး။ တချို့ကားသမားတွေ ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေ သံတွဲ ရန်ကုန်သွားနေတဲ့ ကုန်ကားတွေရှိတယ်။ ခရီးသည် လိုင်းကားတွေရှိတယ်။ ဒီခရီးသည်ကားတွေ ကုန်ကားတွေမှာ စားဝတ်နေရေးအရ ဆောင်ရွက်နေကြတဲ့ပုဂ္ဂိုလ်များက နေ့တရူဝခရီးသွားလာခွင့်တွေ လုံးဝကျမလာတာ တွေ့ရတယ်။ အဲတော့သူတို့အနေနဲ့လည်း အရမ်းကို ဒုက္ခဖြစ်နေကြတယ်။သူတို့ မိသားစုအရေးတွေ တော်တော်ကျပ်တည်းနေတယ်။"

# မြန်မာအပေါ် ပိတ်ဆို့အရေးယူမှုတွေကို အီးယူပြန်လည်သုံးသပ်

**VOA ၊ ဧပြီလ ၁၂။** ။ မြန်မာအစိုးရဘက်က စစ်မှန်တဲ့ ပြောင်းလဲမှုတွေ လုပ်ဆောင်ရင် ဥရောပသမဂ္ဂ (EU) က မြန်မာအစိုးရအပေါ် ချမှတ်ထားတဲ့ပိတ်ဆို့ဒဏ်ခတ်မှုတွေကို အကန့်အသတ်နဲ့ လျှော့ချပေးဖို့ အီးယူက စဉ်းစားနေပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံBrussels မြို့မှာဒီကနေ့ကျင်းပမယ့် အီးယူနိုင်ငံခြားရေးဝန်ကြီးတွေရဲ့စည်းဝေးပွဲအတွင်း မြန်မာ့အရေးကို ထည့်သွင်းဆွေးနွေးကြမှာဖြစ်ပါတယ်။ အပြည့်အစုံကို ဆက်သွယ်စုံစမ်းထားတဲ့ကိုဇော်ဝင်းလှိုင်က တင်ပြထားပါတယ်။

မြန်မာပြည်အပေါ် ပိတ်ဆို့ဒဏ်ခတ်ထားတွေကို သက်တမ်းတိုးဖို့ပြန်လည်သုံးသပ်ရာမှာ သမ္မတဦးသိန်းစိန်ဦးဆောင်တဲ့ မြန်မာအစိုးရသစ်ထဲက အရပ်ဘက်ခေါင်းဆောင်တချို့အပေါ် ပြည်ဝင်ခွင့်ဗီဇာပိတ်ထားတာကို ယာယီအားဖြင့် တနစ်ရုပ်သိမ်းပေးသွားဖို့ဆွေးနွေးနေတယ်လို့ အီးယူအဖွဲ့ဝင် အစိုးရအရာရှိတွေနဲ့နီးစပ်တဲ့အသိုင်းအဝိုင်းက ပြောပါတယ်။

ဒီကနေ့ ဘရပ်ဆဲလ်မှာကျင်းပမယ့် အီးယူနိုင်ငံခြားရေးဝန်ကြီးတွေရဲ့စည်းဝေးပွဲအတွင်း မြန်မာနိုင်ငံအကြောင်း ဆွေးနွေးကြတဲ့အခါကျလာနိုင်ခြေရှိတဲ့ ဆုံးဖြတ်ချက်တွေနဲ့ပတ်သက်လို့ ဗြိတိန်နိုင်ငံအခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ Burma Campaign UK က ညွှန်ကြားရေးမှူး Mark Farmaner) က ပြောပြပါတယ်။

"မြန်မာအစိုးရဝန်ကြီးတွေအပေါ် လက်ရှိချမှတ်ထားတဲ့ ပြည်ဝင်ခွင့်ဗီဇာပိတ်ဆို့ထားတာတွေကို ဆက်လက်ထားရှိသွားမယ်လို့ ကျနော်တို့မျှော်လင့်ပါတယ်။ ဒါပေမဲ့ အစိုးရသစ်ထဲမှာပါလာတဲဝန်ကြီး အသစ်တွေကိုတော့ တနစ် ရုတ်သိမ်းပေးထားမယ်လို့ကျနော်တို့ သိရပါတယ်။ ဒါဟာ အစိုးရသစ်အနေနဲ့ အရပ်သားတွေကို အစိုးရရဲ့အရေးပါတဲ့နေရာတွေမှာ တိုးချဲ့ခန့်အပ်မယ်ဆိုရင်၊ စစ်မှန်တဲ့ပြောင်းလဲမှုကို ဖော်ဆောင်ပေးမယ်ဆိုရင် တို့ဘက်ကလဲအလျှော့ပေးသွားဖို့အဆင်သင့်ပဲဆိုတာကို အီးယူဘက်ကလည်း ပြသလိုက်တာဖြစ်ပါတယ်။ ဒါပေမဲ့ စစ်မှန်တဲ့ပြောင်းလဲမှုတွေကို မြန်မာအစိုးရဘက်က လုပ်မလာရင်တော့ အဲဒီ အရပ်သားဝန်ကြီးအဖွဲ့ဝင်တွေလည်း တနစ်ကြာတဲ့အခါ ပြည်ဝင်ခွင့်ဗီဇာ အပိတ်ခံရတဲ့ စာရင်းထဲ အထည့်ခံရမှာပါပဲ။"

အီးယူဖက်က အခုလို အပြုသဘောဆောင်တဲ့ မူဝါဒတွေကို ပြင်ဆင် ချမှတ်ဖို့ စဉ်းစားလာတာဟာ မြန်မာနိုင်ငံအတွင်း စစ်မှန်တဲ့ ပြောင်းလဲမှုတွေ လုပ်ဆောင်လာတာကို မြင်တွေ့လိုတဲ့အတွက် ဖြစ်ပါတယ်။

"မြန်မာနိုင်ငံထဲမှာ ပြောင်းလဲမှုတွေ ဖော်ဆောင်ရင် ပိတ်ဆို့အရေးယူမှုတွေကို အီးယူဖက်က လျှော့ပေးဖို့ အဆင်သင့်ရှိတယ်ဆိုတာကို အချက်ပေးလိုက်တာပါ။ ဒါပေမဲ့ ဘယ်လိုပြောင်းလဲမှုမျိုးကိုလိုချင်တယ်ဆိုတဲ့အပေါ်မှာတော့ အီးယူဖက်က ပြတ်ပြတ်သားသား ရှိဖို့လိုပါတယ်။ ဒါကြောင့် အရေးပါတဲ့ ဆုံးဖြတ်ချက်တွေ မချခင်မှာ ဒေါ်အောင်ဆန်းစုကြည်တို့၊ NLD တို့နဲ့ အရင်ဆွေးနွေးပြီး ဘာတွေကို ချမှတ်လုပ်ဆောင်သင့်တယ်ဆိုတာကို ကျနော်တို့ကညှိနှိုင်းစေချင်တာပါ။ ဥပမာအားဖြင့် တကယ်လို့ မြန်မာအာဏာပိုင်တွေက နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးလိုက်မယ်ဆိုရင် ဘယ်လိုပိတ်ဆို့အရေးယူမှုတွေကို အီးယူဘက်က ရုပ်သိမ်းပေးမှာလဲ၊ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့တွေအပေါ် ထိုးစစ်ဆင်နေတာတွေကို ရပ်တန့်လိုက်ရင် ဘယ်လို ပိတ်ဆို့အရေးယူမှုတွေကို ရုပ်သိမ်းပေးမှာလဲ စသဖြင့် အီးယူဘက်က ပြတ်ပြတ်သားသား ဖြစ်ဖို့လိုပါတယ်။"

အီးယူနိုင်ငံခြားရေး ဝန်ကြီးတွေရဲ့ စည်းဝေးပွဲကို ဒီကနေ့ဘရပ်ဆဲလ်မြို့မှာ ကျင်းပနေကြတာဖြစ်ပြီး ဘရပ်ဆဲလ် ဒေသစံတော်ချိန် ညနေစောင်းပိုင်းမှာတော့ မြန်မာနိုင်ငံနဲ့ဆိုင်တဲ့ ဆုံးဖြတ်ချက်တွေကိုတရားဝင်ထုတ်ပြန်နိုင်လိမ့်မယ်လို့ အီးယူအရာရှိတွေက ပြောပါတယ်။

အီးယူအဖွဲ့ဝင်နိုင်ငံတွေက နိုင်ငံခြားရေးဝန်ကြီးတွေဟာ လောလောဆယ် မြန်မာနိုင်ငံကို တရားဝင်သွားရောက်ခွင့်မရှိကြပါဘူး။ ဒါပေမဲ့ ဒီကနေ့ကျင်းပတဲ့ အီးယူ နိုင်ငံခြားရေးဝန်ကြီးတွေရဲ့ အစည်းဝေးအတွင်း မြန်မာအစိုးရနဲ့ ထိတွေ့ဆက်ဆံပြီး နိုင်ငံရေးအရ ဖိအားတွေပိုပေးနိုင်အောင်အီးယူဝန်ကြီးတွေမြန်မာပြည်ကိုတရားဝင်သွားခွင့်ပြုဖို့ ဆုံးဖြတ်ချက် ကျကောင်း ကျနိုင်တယ်လို့ ဆိုပါတယ်။ တကယ်လို့အီးယူဝန်ကြီးတွေ မြန်မာပြည်ကို သွားဖြစ်တယ်ဆိုရင်လည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ကိုတွေ့ရမယ်ဆိုတဲ့ မူဝါဒကိုလည်း ချမှတ်နိုင်တယ်လို့ မာ့က်ဖာမနာ က ပြောပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အီးယူရဲ့ သဘောထား ပြောင်းလဲမှုတွေဖြစ်ပေါ်လာအောင် အခုလို သဘောထား ပျော့ပြောင်းတဲ့ မူဝါဒတွေ ချမှတ်လာနိုင်အောင် ဂျာမနီနဲ့ အီတလီနိုင်ငံတို့က နောက်ကွယ်ကနေ ကြိုးပမ်း နေကြတာပါ။

မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ နိုင်ငံရေးအခြေအနေတွေတိုးတက်မှု မရှိဘူးဆိုပြီး အဖွဲ့ဝင် ၂၇ နိုင်ငံ ပါဝင်တဲ့ EU က ၁၉၉၆ ခုနစ်ကတည်းက ပိတ်ဆို့ဒဏ်ခတ်မှုတွေ ချမှတ်ကျင့်သုံးလာနေတာဖြစ်ပြီး တနစ်တခါ သက်တမ်းတိုးလာနေခဲ့တာပါ။

အမေရိကန် ပြည်ထောင်စုကတော့ မြန်မာနိုင်ငံမှာ အစိုးရသစ်ပေါ်ပေါက်လာပေမဲ့လည်း အပေါ်ယံအပြောင်းအလဲတွေသာ ဖြစ်တာမို့ ပိတ်ဆို့ ဒဏ်ခတ်မှုတွေကို ဆက်လက်ကျင့်သုံးသွားမှာ ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံက အဓိကနိုင်ငံရေး အတိုက်အခံပါတီဖြစ်တဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီကတော့ ဒဏ်ခတ်မှုတွေဟာလူထုထက် အုပ်ချုပ်သူတွေနဲ့သူတို့နဲ့နီးစပ်သူတွေကိုသာ ထိခိုက်စေတာမို့ ထိရောက်မှုရှိတဲ့အကြောင်း သဘောထားကြေညာချက်တစောင် ထုတ်ပြန်ပြောဆိုထားတာဖြစ်ပါတယ်။

---

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# စစ်အုပ်စုဟာ မည်သူစွမ်းဆောင်မှုမှမဟုတ် သူတို့ဟာသူတို့နောက်ဆုတ်

**BBC ၊ ဧပြီ ၁၃ ။** ။ ဥရောပသမဂ္ဂရဲ့ ပိတ်ဆို့အရေးယူမှုနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအင်အားစုရဲ့ နိုင်ငံရေးခေါင်းဆောင် ဦးခင်မောင်ဆွေနဲ့ ဘီဘီစီကမေးမြန်းရာမှာ စစ်အုပ်ချုပ်ရေးဟာ သူ့သဘောဆန္ဒအလျောက်နောက်ဆုတ်သွားခဲ့ပြီလို့ထည့်သွင်းပြောသွားပါတယ်။

မြန်မာနိုင်ငံကို ပိတ်ဆို့အရေးယူမှုနဲ့ပတ်သက်ပြီး မနေ့ကထုတ်ပြန်ခဲ့တဲ့ ဥရောပသမဂ္ဂရဲ့ဆုံးဖြတ်ချက်အသစ်အရ အစိုးရသစ်အဖွဲ့ထဲက အရပ်သားဝန်ကြီးတွေအပေါ်မှာ ပစ်မှတ်ထားပိတ်ဆို့မှုမလုပ်ဘူးဆိုတာကလွဲပြီး တခြားပိတ်ဆို့မှုတွေကိုမလျှော့ဘဲ ဆက်လက်ထားရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပိတ်ဆို့မှုရုပ်သိမ်းဖို့တောင်းဆိုသူ ရွေးကောက်ပွဲဝင် ၁၀ ပါတီကိုယ်စား အမျိုးသားဒီမိုကရေစီအင်အားစုရဲ့ နိုင်ငံရေးခေါင်းဆောင် ဦးခင်မောင်ဆွေကို ဘီဘီစီကဆက်သွယ်မေးမြန်းခဲ့တာဖြစ်ပါတယ်။

**BBC ။** ။ ဥရောပသမဂ္ဂရဲ့အခုဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုရှိပါသလား။

**ဦးခင်မောင်ဆွေ ။** ။ အစကတည်းကကွင်းလုံးကျွတ်ရုပ်ပေးမယ်လို့ မမျှော်လင့်ပါဘူး။ သူတို့ဘက်ကတတ်နိုင်သလောက်စပြီး ဆောင်ရွက်ပေးတယ်လို့ရှုမြင်ပါတယ်။ ဒီနိုင်ငံကိုပိတ်ထားဖို့လိုတယ်လို့မြင်ရင် မလွှတ်ဘဲပိတ်ထားမှာပါ။ အခုလိုနည်းနည်းလျော့လာတာဟာ ပိတ်ဆို့တာကိုပြန်လည်စဉ်းစားဖို့လိုလာပြီဆိုတာကိုပြလာတဲ့ လက္ခဏာလို့ထင်ပါတယ်။

**BBC ။** ။ ဥရောပသမဂ္ဂအတွင်းမှာ မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် ပိတ်ဆို့ရေးဆက်ထားသင့်တယ်လို့ မြင်သူတွေကပိုများလို့ အခုလိုပိတ်ဆို့ဘက်က အနိုင်ရသွားတယ်လို့သုံးသပ်ကြပါတယ်။ ဦးခင်မောင်ဆွေတို့အနေနဲ့ရော ပိတ်ဆို့အရေးယူမှုဟာ ဒီမိုကရေစီအရေးကို တစုံတရာအထောက်အကူပြုနိုင်တယ်လို့ ထည့်သွင်းစဉ်းစားတာမျိုး ရှိပါသလား။

**ဦးခင်မောင်ဆွေ ။** ။ ပိတ်ဆို့ရေးဟာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို ဖြစ်ထွန်းအောင် တွန်းအားပေးနိုင်လိမ့်မယ်လို့ ကျနော်ယုံကြည်ခဲ့တယ်။ အဲဒါ လွန်ခဲ့တဲ့အနစ် နှစ်ဆယ်ကပါ။ ထောင်ထဲမှာကျနော် ၁၆ နှစ်ခွဲလောက်နေခဲ့တယ်။ ပြန်ထွက်လာတော့လည်း ဒီတိုင်းပြည်မှာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေး တိုးတက်လာတာမတွေ့ရပါဘူး။ ဒီတော့ ပိတ်ဆို့တာက တခြား ဒီမိုကရေစီက တခြား၊ ပိတ်ဆို့ရေးဟာ သူတို့ပစ်မှတ်ထားတဲ့ အာဏာပိုင်အသိုင်းအဝိုင်းကိုမထိခိုက်ဘဲ သူတို့ကိုပစ်မှတ်ထားတယ်ဆိုပြီး နာမည်ပျက်ရုံဘဲရှိပါတယ်။ တကယ်တမ်းထိခိုက်နေတာက ပြည်သူတွေကိုပါ။

**BBC ။** ။ ပိတ်ဆို့ရေးဟာ အာဏာပိုင်တွေကိုမထိခိုက်ဘူးဆိုနေမယ့် အာဏာပိုင်တွေက ပိတ်ဆို့ရေးရုပ်သိမ်းဖို့ အထူးလိုလားနေတာတွေ့ရပါတယ်။ အဲဒါကရော ဘာကြောင့်ဘာလဲ။

**ဦးခင်မောင်ဆွေ ။** ။ အုပ်ချုပ်ရေးကပြောင်းသွားပြီလေ။ နောက်က နေကြိုးကိုင်ထားတယ်ပြောပြော ကြိုးကိုင်မထားဘူးပြောပြော၊ ပြည်သူတွေကမဲပေးထားတဲ့လူတွေလေဗျာ။ ရွေးကောက်ပွဲဟာတရားမျှတတယ် ပြောပြော၊ တရားမျှတမှုမရှိဘူးပြောပြော၊ မဲပေးခွင့်ရှိသူရဲ့ ၅၀ ရာခိုင်နှုန်းအထက်က မဲပေးလိုက်ပြီ။ မဲပေးထားတော့ ပြည်သူ့ကိုယ်စား သူတို့ကပြောရတော့မယ် မပြောဘဲနဲ့မှိန်းနေလို့မရတော့ဘူး။

**BBC ။** ။ ဒါဆိုရင် အစိုးရခေါင်းဆောင်ပိုင်းတွေက ပိတ်ဆို့ရေးကို ကန့်ကွက်နေတာက ပြည်သူတွေနစ်နာမှာဆိုးလို့ ကန့်ကွက်နေတာလို့ ဆိုချင်တာလားခင်ဗျ။

**ဦးခင်မောင်ဆွေ ။** ။ ပိတ်ဆို့ထားတဲ့စစ်ခေါင်းဆောင်တွေမှာ ဘာမှထိခိုက်နစ်နာမှုမရှိဘူးဆိုတာ လူတိုင်းမြင်နိုင်ပါတယ်။ တိုးပွားသထက်တိုးပွား ကြီးပွားသထက် ကြီးပွားနေတာဘဲ။

**BBC ။** ။ ရွေးကောက်ပွဲဝင်တဲ့ဆယ်ပါတီက ရုပ်သိမ်းရေးကိုတောင်းဆိုကြတာဟာ ရွေးကောက်ပွဲဝင်ပြီးမှ အစိုးရနဲ့ပြေလည်ချင်လို့ ပြောင်းလဲလာတာလို့ပြောနေကြပါတယ်။ ဒီလိုပြောင်းလဲမှုမျိုးရှိပါသလား။

**ဦးခင်မောင်ဆွေ ။** ။ အစိုးရနဲ့သင့်မြတ်ချင်တယ်ဆိုတာက ဒီလိုပါ၊ စစ်အုပ်ချုပ်ရေးကို ကျနော်တို့ပါတီအပါအဝင် အားလုံးသော ဒီမိုကရေစီအင်အားစု ပြည်တွင်းအင်အားစု၊ ပြည်ပအင်အားစုအားလုံး ဘယ်တယောက်ရဲ့စွမ်းဆောင်ချက်ကြောင့် စစ်အုပ်ချုပ်ရေးဟာ နောက်ဆုတ်သွားတာလဲ၊ ဘယ်တယောက် ဘယ်ပါတီရဲ့စွမ်းဆောင်ချက်ကြောင့် ပပျောက်သွားတာလဲ။

ဘယ်တယောက် ဘယ်ပါတီရဲ့စွမ်းဆောင်ချက်ကြောင့်မှ ပျောက်သွားတာမဟုတ်ဘဲ စစ်အုပ်ချုပ်ရေးကိုယ်တိုင်က သူတို့ဟာ သူတို့နောက်ဆုတ်ချင်တဲ့အခါကျမှ ရွှေ့သွားတာဖြစ်တယ်။ အဲဒီအရွှေ့အပေါ်မှာကျနော်တို့ကရပ်တည်ပြီး ပူးပေါင်းဆောင်ရွက်ရေးလမ်းကြောင်းပေါ်ကို လျှောက်တာဟာ တိုင်းပြည်နဲ့ပြည်သူအကျိုး မျှော်ကိုးတာဖြစ်ပါတယ်။ အာဏာပိုင်အသိုင်းအဝိုင်းနဲ့ ပလဲနံပသင့်ချင်လို့ ပလူးပလဲလုပ်ချင်လို့မဟုတ်ဘူးဆိုတာကို ကျနော်တို့နောက်ကြောင်းတွေရော ရှေ့ကြောင်းတွေရောသွားနေတဲ့နိုင်ငံရေးလမ်းကြောင်းတွေကိုပါ ကြည့်ရင် သိနိုင်ပါတယ်။

---

## အဲန်အယ်လ်ဒီမှ အတာသင်္ကြန် စတုဒိသာကျွေးမွေး

**RFA ၊ ဧပြီ ၁၄ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ကရုံးချုပ်ရှေ့မှာ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အဖြစ် စတုဒိသာကျွေးတဲ့ပွဲတခု ဒီနေ့ ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ မနက်ကကျင်းပခဲ့ပါတယ်။

ဒီအလှူကို NLD ဗဟိုလူငယ်အဖွဲ့က ဦးဆောင်ကျင်းပခဲ့တာပါ။ ပွဲမှာ မုန့်လက်ဆောင်းကျွေးပြီး နောက်ပိုင်းမှာ ဖျော်ရည်အအေးတိုက်တယ်လို့ NLD လူငယ်ခေါင်းဆောင် ကိုမျိုးညွန့်က အခုလိုပြောပါတယ်။

"ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တွေက နေ စတုဒိသာကျွေးတယ်။ ဒီနေ့ကျွေးတာက မုန့်လက်ဆောင်းပေါ့။ ညနေကျရင် မုန့်လုံးရေပေါ်ကျွေးမယ်။ ကျွေးတဲ့အခါကျတော့ ကျွန်တော် တို့အဖွဲ့ကလူတွေလည်းလာတယ်၊ နောက်လမ်းကပေါ့၊ ဝယ်တဲ့လူ တွေပေါ့၊ ကားတွေကရပ်ရပ်ပြီးတော့ လာသောက်ကြတယ်ပေါ့၊ အဲလိုမျိုးပေါ့။ ပါဆယ်ပေးရင်လည်းပေးလိုက်တယ်။ လာပြောသွားတဲ့လူက ဒါမှ ငါတို့အမေ၊ ဒါ ငါတို့အမေဆိုပြီး ပြောကြတာရှိတယ်။"

လူငယ်တွေရဲ့စတုဒိသာကျွေးပွဲကို ဒုဥက္ကဋ္ဌဦးတင်ဦးနဲ့ဗဟိုအလုပ်အမှုဆောင်တွေဖြစ်တဲ့ ဦးဝင်းတင်နဲ့ဦးဟံသာမြင့်တို့လည်း သွားရောက်ခဲ့ပါတယ်။

မနက်ဖြန်မှာလဲ NLD လူငယ်တွေက စတုဒိသာကျွေးဖို့ ပြင်ဆင်ထားပြီး နှစ်ဆန်းတရက်နေ့မှာတော့ ပရိတ်ရွတ်ပွဲနဲ့ သက်ကြီးဝါကြီးတွေကိုပူဇော်တဲ့ပွဲကျင်းပမယ်လို့ သိရပါတယ်။

# အဆင့် ၀ မှ အဆင့် ၇ အထိ သိရှိရန်

ကျော်ကျော်စိုး

ဂျပန်အစိုးရက ဖူကူရှီးမား ညူကလီယားအကျပ်အတည်းကို နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်ဖြစ်တဲ့ အဆင့် ၇ သို့ တိုးမြှင့်လိုက်တယ်လို့ ကြေညာပြီးတဲ့နောက်ပိုင်းမှာ ဂျပန်ရောက်မြန်မာနိုင်ငံသားတွေကြားထဲမှာ စိုးရိမ်ရေမှတ်တက်လာခဲ့ပါတယ်။ "အဆင့် ၇ ဆိုတော့ ကျနော်တို့ ဘာလုပ်ရမှာလဲ" ။ "အဆင့် ၇ ဆိုတာဘာလဲ"ဆိုတဲ့မေးခွန်းတွေဟာ စိုးရိမ်မှုတွေ၊ ဝေခွဲမရမှုတွေနဲ့ အတူ ရောမြွှမ်း ထွက်ပေါ်လာခဲ့ပါတယ်။

ဒီတော့ ဂျပန်အစိုးရက ပြောတဲ့ အဆင့် ၇ ဟာ ဘာလဲဆိုတာ သိထားဖို့ တော့လိုအပ်လာပါပြီ။ အဲဒီအဆင့် ၇ ဆိုတာက International Nuclear Event Scale လို့ ခေါ်တဲ့ နိုင်ငံတကာညူကလီယားဖြစ်ရပ်များကို တိုင်းတာသောစကေး အဆင့် ၇ ဆင့်ရှိတဲ့အထဲမှာ အမြင့်ဆုံးနဲ့ အစိုးရိမ်ရဆုံးအဆင့်ဖြစ်ပါတယ်။ အဆင့် သုံညကနေ ၇ အထိရှိပါတယ်။ အောက်မှာ အရောင်ကွဲတွေနဲ့ ဖော်ပြထားတဲ့အတိုင်းဖြစ်ပါတယ်။

7 – Major accident အဓိကကျသောမတော်တဆမှု

6 – Serious accident စိုးရိမ်ဖွယ်ရာမတော်တဆမှု

5 – Accident with wider consequences ပိုမိုကျယ်ပြန့်သော အကျိုးသက်ရောက်မှု

4 – Accident with local consequences ဒေသတွင်းအကျိုးသက်ရောက်မှု

3 – Serious incident စိုးရိမ်ဖွယ်ဖြစ်ရပ်

2 – Incident ဖြစ်ရပ်

1 – Anomaly ပုံမှန်မဟုတ်မှု

0 – Deviation (no safety significance) သိသာသော ဥပါဒ်မဖြစ်မှု

အဲဒီအဆင့် ၇ ဆင့်ကို ဘယ်သူက တိုင်းတာသတ်မှတ်ထားတာလဲလို့ နောက်ထပ်မေးခွန်းထုတ်စရာရှိလာပါတယ်။

ညူကလီယားမတော်တဆဖြစ်ပွားတဲ့ အခြေအနေမျိုးမှာဘေးကင်းလုံခြုံရေးနဲ့ ပတ်သက်ပြီးသွက်လက်ထိရောက်စွာဆက်သွယ်လုပ်ကိုင်နိုင်ဖို့ဆိုပြီး နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ IAEA ဟာ ၁၉၉၀ ခုနှစ်မှာ International Nuclear and Radiological Event Scale (INES) ကို သတ်မှတ်လုပ်ဆောင်ခဲ့ပါတယ်။

ဘယ်လိုနည်းတွေနဲ့ သတ်မှတ်တာလဲဆိုတဲ့မေးခွန်းကတော့ ပညာရပ်ဆိုင်ရာမေးခွန်းဖြစ်တဲ့အတွက် ရှင်းရှင်းပြောရလို့ရှိရင် ဇယျင်တိုင်းတာတဲ့ပုံစံလိုမျိုး လော့ဂရစ်သမ်တွက်ချက်မှုပုံစံတွေနဲ့ နှိုင်းယှဉ်တွက်ထားတဲ့ဖော်ပြချက်ဖြစ်ပါတယ်။ အဆင့် ၀ ကနေ အဆင့် ၇ အထိ တခုနဲ့တခုကြားကွာခြားချက်ပမာဏဟာ ဆယ်ဆကွာပါတယ်။ ဆိုလိုတဲ့သဘောက အဆင့် ၀ ထက် အဆင့် ၁ က ဆယ်ဆပိုပြင်းတယ်၊ ပိုအန္တရာယ် ကြီးတယ်ဆိုတဲ့သဘောပါ။ အဆင့် ၀ က လူကို ဘေးဥပါဒ်သိသိသာသာမဖြစ်စေဘူးလို့ဆိုတဲ့အတွက် အဆင့် ၇ ဆိုလို့ရှိရင် အဲဒါထက် အဆ ၇၀ ပိုတဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။

ဒီတော့ အဆင့် တဆင့်စီဟာ ဘယ်လိုလဲဆိုတာကို သိနားလည်ထားသင့်ပါတယ်။

အမြင့်ဆုံးဖြစ်တဲ့ အဆင့် ၇ Major accident ဆိုတာဟာ ရေဒီယိုဓာတ်သတ္တိကြွတဲ့ဒြပ်တွေ အမြောက်အမြားထွက်ရှိနေပြီး လူ့ကျန်းမာရေးကိုရော သဘာဝပတ်ဝန်းကျင်ကိုပါ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စေတဲ့အတွက် တန်ပြန်အရေး ယူဆောင်ရွက်တာတွေကို သေသေချာချာအစီအစဉ်ချပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမှုဖြစ်ပါတယ်။

ကမ္ဘာမှာအဆင့် ၇ ရောက်တယ်လို့ သတ်မှတ်ခံရတဲ့ ညူကလီယားမတော်မဆမှုဟာ ၁၉၈၆ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှာဖြစ်ပွားခဲ့တဲ့ (ယခင်ဆိုဗီယက်ယူနီယံ) အခုအခါ ယူကရိန်းနိုင်ငံ ချာနိဘိုင်းလ် ညူကလီယား ဘေးသင့်မှုဖြစ်ပါတယ်။ စမ်းသပ်မှုလုပ်ရင်းနဲ့ အားကြီးမားလှတဲ့ရေနွေးငွေ့ပေါက်ကွဲမှုဖြစ်ပြီး မီးလောင်ကာညူကလီယားလောင်စာတွေကနေ ရေဒီယိုဓာတ်သတ္တိကြွတဲ့ဒြပ်တွေ ပတ်ဝန်းကျင်လေထုထဲကို အကြီးအကျယ်ရောက်ခဲ့ပါတယ်။ လူ ၅၆ ဦးသေ ဆုံးပြီး လူ ၄၀၀၀ လောက်ဟာ ကင်ဆာရောဂါမျိုးစုံခံစားခဲ့ရပါတယ်။ ချာနိဘိုင်းလ်မြို့ကိုလည်း လုံးဝစွန့်ခွာခဲ့ရပြီး လူမနေတော့တဲ့ အရပ်ဒေသဖြစ်သွားခဲ့ပါတယ်။ ၃၀ ကီလိုမီတာ အထူးကန့်သတ်ဇုံဆိုပြီး သတ်မှတ်ထားခဲ့ပါတယ်။ နောက်တခုကတော့ အခုလောလောဆယ် ဂျပန်မှာဖြစ်ပွားနေတဲ့ ဖူကူရှီးမား ညူကလီယားအကျပ်အတည်းပဲဖြစ်ပါတယ်။

အဆင့် ၆ Serious accident ဆိုတာဟာ ရေဒီယိုဓာတ်သတ္တိကြွတဲ့ဒြပ်တွေသိသိသာသာချည်းထွက်ရှိနေပြီးအဲဒါကိုသေသေချာချာအစီအစဉ်ရေးဆွဲသတ်မှတ်ပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ၁၉၅၇ ခုနှစ် စက်တင်ဘာ ၂၉ ရက်နေ့က ဆိုဗီယက်ယူနီယံ Mayak မြို့မှာရှိတဲ့ Kyshtym disaster အဖြစ်အပျက်ပါပဲ။ စွန့်ပစ်ညူကလီယားဒြပ်တွေကို ပြန်လည်အသုံးချဖို့ လုပ်တဲ့လုပ်ငန်းစဉ်မှာ အအေးပေးတဲ့စနစ်ချွတ်ယွင်းပြီး ရေနွေးငွေ့ပေါက်ကွဲမှုဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့် ရေဒီယိုဓာတ်သတ္တိကြွတဲ့ဒြပ် တန်ချိန် ၇၀ ကနေ ၈၀ အထိ လေထုထဲပျံ့လွင့်ခဲ့တယ်လို့ သိရပါတယ်။ ဒေသတွင်းပြည်သူတွေအပေါ် ဘယ်လောက်အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိခဲ့တယ်ဆိုတာကို မသိခဲ့ရပါဘူး။

အဆင့် ၅ Accident with wider consequences ပိုမိုကျယ်ပြန့်သောအကျိုးသက်ရောက်မှုဆိုတာကတော့ ရေဒီယိုဓာတ်သတ္တိကြွတဲ့ဒြပ်တွေဟာ အတိုင်းအတာတခုအထိ ပျံ့နှံ့ထွက်တာကိုခေါ်တာပါ။ ဒီလိုဖြစ်လာခဲ့ရင် စနစ်တကျနဲ့စီစဉ်သတ်မှတ်ပြီး တန်ပြန်အရေးယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ သေဆုံးမှုတွေဖြစ်ခဲ့ပါတယ်။ ဓာတ်ပေါင်းဖိုတွေ ထိခိုက်ပျက်စီး ညူကလီယားလောင်စာတောင့်တွေတစိတ်တပိုင်း အရည်ပျော်တာတွေဖြစ်ခဲ့ပါတယ်။

၁၉၅၇ ခုနှစ် ဗြိတိန်နိုင်ငံ Windscale fire ။ ၁၉၇၉ ခုနှစ် အမေရိကန်ပြည်ထောင်စု Three Mile Island accident ။ ၁၉၅၂

စာမျက်နှာ ၁၀ သို့




**ဧပြီ ၈။** Mizzima ။ ။ သမတဦးသိန်းစိန်သည် စစ်ဒုက္ခသည်များကိစ္စသည်မှစ၍ သတ္တုတူးဖော်ရေးကိစ္စအပါအဝင် ကိစ္စကြီး ၃၁ ရပ်တွင် ပါလီမံ၏ခွင့်ပြုချက်ရယူရန်မလိုကြောင်း First eleven ဂျာနယ်မှဆို၏။

**ဧပြီ ၉။** ABS-CBN ။ ။ နှစ်စဉ် အမေရိကန်၏ လူ့အခွင့်အရေးမှတ်တမ်းအရ မြန်မာသည် လူ့အခွင့်အရေးမြှင့်တင်ရန်လိုကြောင်း အမေရိကန်မှဆို၏။

**ဧပြီ ၁၀။** Asian Correspondent ။ ။ ကာကွယ်ရေးဌာနစစ်ဦးစီးမှူးဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဗထူးစစ်ရေးပြကွင်းတွင် ၁၁၄ အရာရှိသင်တန်းဆင်းပွဲတွင် မိန့်ခွန်းပြောခဲ့၏။

**ဧပြီ ၁၀။** Al Jazeera ။ ။ နအဖအသွင်ပြောင်းမြန်မာအစိုးရသစ်သည် အမည်ပြောင်းသာဖြစ်ပြီး အနှစ်မပြောင်းခြင်းကို လူထုမှလက်မခံ ဖြားရောင်းမခံကြောင်း၊ ICG မှ သတင်းဝေဖန်ချက်က မြန်မာများမှ နအဖ အစိုးရသစ်ကိုလက်ကမ်းကြိုဆိုရန်ဆိုသင့်သည် ဆိုသည့်အချက်သည် ကျွန်ုပ်တို့မြန်မာပြည်သားများ မည်သည့်နည်းနှင့်မှလက်မခံနိုင်ကြောင်း မောင်ဇာနီမှဝေဖန်၏။

**ဧပြီ ၁၁။** Time Magazine ။ ။ ဗိုလ်ချုပ်သန်းရွှေသည် ရာထူးမှဆင်းပေးခဲ့သည်ဟု ကြေညာခဲ့သော်လည်း ယုံကြည်သူနည်း၏။

**ဧပြီ ၁၁။** WTN ။ ။ အရေးအကြီးဆုံးခြေလှမ်းဖြစ်သည့် နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ခန့်အားအကုန်လွှတ်ရန် အမေရိကန်မှမြန်မာသို့တောင်းဆို၏။

**ဧပြီ ၁၁။** OTTAWA-AFP ။ ။ မြန်မာသို့ကျူးကျော်ဝင်ခဲ့မှုဖြင့် အဖမ်းခံနေရသော ကနေဒါလူမျိုးအား ပြန်လွှတ်ပေးလိုက်ကြောင်း။

**ဧပြီ ၁၁။** WP ။ ။ အီးယူသည် မြန်မာရာထူးမြင့်အစိုးရနှင့်ထမ်းအချို့ (အရပ်သားဝန်ထမ်းများ) ၏ ခရီးသွားဗီဇာကို ယာယီလျော့ပေါ့ဖွင့်ပေးမည်ဟုဆို၏။

**ဧပြီ ၁၁။** Irrawaddy ။ ။ အာဆီယံသည် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီကိုဂရုမစိုက်လျှင်တောင်မှ စီးပွားရေးနှင့်လုံခြုံရေးပြုပြင်ပြောင်းလဲမှုကို ထည့်သွင်းစဉ်းစားသင့်ကြောင်း အစာထိုးအာဆီယံ Alt Asean rS Debbie Stothard မှဆို၏။

**ဧပြီ ၁၁။** Irrawaddy ။ ။ ဝပြည်နယ်တပ်သည် နအဖ လေတပ်၏စစ်ဆင်ရေးကိုကြိုကာကွယ်ရန် ကတုတ်ကျင်းများတူး၍ ခိုလှုံနေကြောင်း။

**ဧပြီ ၁၁။** Buffalo News ။ ။ Nickel City Smiler အမည်ဖြင့် Buffalo နေမြန်မာများ၏ ဘဝသရုပ်ဖော်သတင်းမှတ်တမ်းရုပ်ရှင်ကို နိုင်ယာဂါရာ ရုပ်ရှင်ပြပွဲတွင်ပြသမည်။

**ဧပြီ ၁၁။** New International ။ ။ ထိုင်းသို့ရောက်ပြီဟုဆိုကာ ဘင်္ဂလားဒေ့ရှ်မှ လူ ၁၄၆ ဦးအား မြန်မာကမ်းစပ်တွင်ချထားခဲ့ရာ မြန်မာအာဏာပိုင်များမှ ထိုသူများအားထိန်းသိမ်းထားကြောင်း။

**ဧပြီ ၁၁။** Mizzima ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် အဲန်အဲလ်ဒီလူငယ်ငါးဦးအား သင်္ကန်းဝတ်ရာတွင် ရဟန်းဒါယိကာမအဖြစ်တာဝန်ယူကြောင်း။

**ဧပြီ ၁၁။** Mizzima ။ ။ မြန်မာစစ်တပ်များနှင့်၎င်း အခြားကရင်လက်နက်ကိုင်အဖွဲ့များနှင့်၎င်း မိမိတို့အဖွဲ့သည် လက်နက်ကိုင်တိုက်ခိုက်မှုအားလုံးကို ကရင်ပြည်နယ်တိုးတက်ရေးရှေ့ရှု၍ ရပ်ဆိုင်းလိုကြောင်း ကရင်ပြည်သူ့ပါတီ KPP မှဆို၏။

**ဧပြီ ၁၂။** DVB ။ ။ နအဖ အသွင်ပြောင်းမြန်မာအစိုးရသစ်သည် သကြိန်တွင် အစိုးရနှင့်ပတ်သက်သောသံချပ်များ ထိုးခွင့်မပြုကြောင်း။

**ဧပြီ ၁၂။** SHRF ။ ။ ၂၂ နှစ်အပစ်အခတ်ရပ်စဲခဲ့သော နအဖ တပ်နှင့်ရှမ်းပြည်နယ်တပ်တို့ မတ် ၂၀၁၁ မှစ၍ ပြန်တိုက်ပွဲများဖြစ်ခဲ့၍ဒေသခံများ အသက်အိုးအိမ်စိုးရိမ်နေကြောင်း ဒေသခံများမှဆို၏။

**ဧပြီ ၁၂။** Irrawaddy ။ ။ ကျိုင်းတုံမြို့နယ်တွင် မိမိတို့မြေကေ ၁၀၀ အား မတရားအသိမ်း၍ တရုပ်များကိုရောင်းခဲ့၍ ရှမ်းတောင်သူ ၅ ဦးသည်အခြေခံဥပဒေသစ်ကိုကိုးကား၍ ဒေသခံအအာဏာပိုင်များအားတရားစွဲမည်။

**ဧပြီ ၁၂။** BKK AP ။ ။ မြန်မာဒုက္ခသည်များအား အိမ်ပြန်ရန် အန္တရာယ်ကင်းမှသာပြန်လွှတ်မည်ဟု ထိုင်းဝန်ကြီးချုပ်မှဆို၏။

**ဧပြီ ၁၂။** Asian Correspondent ။ ။ မြန်မာဒုက္ခသည်များပြန်ပို့ရန် အကြံအစီ၏နောက်ကွယ်တွင်ဘာရှိသနည်း။ ဇင်လင်းမှသုံးသပ်၏။

**ဧပြီ ၁၂။** BRUSSELS ။ ။ ဥရောပသမဂ္ဂသည် မြန်မာအပေါ် စုံစမ်းမှုကော်မရှင်ဖွဲ့၍စစ်ဆေးခြင်းကို ထောက်ခံသင့်ကြောင်း ITUC-ETUC အလုပ်သမားသမဂ္ဂတို့မှတိုက်တွန်း၏။

**ဧပြီ ၁၂။** IRIN ။ ။ ထိုင်း–မြန်မာနယ်စပ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ TBBC စသည့် ထိုင်းရှိကူညီရေးအဖွဲ့များသည် ထိုင်းအနောက်ပိုင်းရှိ ဒုက္ခသည်စခန်း တသိကြီးကိုပိတ်ရန်အစီအစဉ်ကို စိုးရိမ်ပူပန်နေ၏။

**ဧပြီ ၁၃။** IANS ။ ။ မြန်မာ ၆ ဦးအား အိန္ဒိယနယ်စပ်တွင်ဖမ်းထား၏။

**ဧပြီ ၁၃။** BBC ။ ။ ဥရောပသမဂ္ဂသည် မြန်မာအရပ်သားဝန်ကြီးအချို့အပေါ် ခရီးသွားစသည့် တင်းကြပ်ပိတ်ပင်မှုအချို့ကိုလျှော့ချ၏။

**ဧပြီ ၁၃။** Asian Correpondent ။ ။ ဥရောပသမဂ္ဂသည် မြန်မာအပေါ် တင်းကြပ်မှုများကိုလျှော့ပေါ့ရန်စဉ်းစားစဉ် မြန်မာ၏လူ့အခွင့်အရေးအခြေအနေကို တင်းကြပ်စွာစောင့်ကြည့်ရမည်ဟု ဇင်လင်းမှဝေဖန်၏။

**ဧပြီ ၁၃။** Straits Times ။ ။ မြန်မာသည် သကြိန်အတွက်လုံခြုံရေးအပြည့်ယူထားကြောင်း။

**ဧပြီ ၁၄။** Asian Agencies ။ ။ ထိုင်းသည် နယ်စပ်ရှိ မြန်မာမှဒုက္ခသည် ၁၄၀၀၀၀ ရှိသည့် ဒုက္ခသည်စခန်း ၉ ခုအားပိတ်လိုကြောင်းနှင့် မြန်မာအစိုးရနှင့် ဆွေးနွေးနေကြောင်း။

**ဧပြီ ၁၄။** EU ။ ။ အီးယူသည်မြန်မာအပေါ် ကုန်သွယ်စီးပွားရေးပိတ်မှုများ တနှစ်ဆက်၍သက်တမ်းတိုး၏။

**ဧပြီ ၁၄။** BP ။ ။ ထိုင်းအာဏာပိုင်များသည် မြန်မာတွင် ပြည်တွင်းစစ်မျိုးရိုးတုန်းစစ်များမှပြေးလာသူ ဒုက္ခသည်များအား အခွင့်အလမ်းရတိုင်း ပြန်ပို့ရန် လမ်းစရှာ

စာမျက်နှာ ၁၃ သို့

# အာဏာပိုင်များ၏ အကန့်အသတ်များကြောင့် ရိုးရာအတာသင်္ကြန်မစည်နိုင်

**DVB ၊ ဧပြီလ ၁၁ ။** ။ ရန်ကုန်နဲ့ မန္တလေးသင်္ကြန်မြို့တွေမှာ ကန့်သန့်ချက်တွေနဲ့ စီးပွားရေးအခြေအနေတွေကြောင့် အခုနှစ်သင်္ကြန် မစည်ကားနိုင်ဘူးလို့ ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

ဒီနှစ်သင်္ကြန်မှာ မဏ္ဍပ်ဆောက်လုပ်ခွင့် အကန့်အသတ်တွေများပြီး ဆောက်လုပ်ခွင့်ပြုတဲ့ အရေအတွက်လည်း နည်းတာကြောင့် မနှစ်ကလောက်စည်မယ်မထင်ဘူးလို့ဆိုပါတယ်။

“သူတို့ရဲ့ ခွင့်ပြုချက်ပေါ်မှာလည်းမူတည်တယ်။ သူတို့က ဘယ်လောက်ပဲလုပ်ချင်တယ်ဆိုရင် ဘယ်လောက်ပဲ ဖြစ်မယ်ဆိုတဲ့ အနေအထားဖြစ်သွားတယ်။ အရင်တုန်းက အနေအထားက ပါမစ်သွားလျှောက်တင်ရတယ်။ ပါမစ်ခေတ်မဟုတ်ခင်တုန်းက ပိုလွတ်လပ်တာပေါ့။ အခုကျတော့ သူတို့က ဒီနားမှာပဲလုပ်ရမယ်။ အဲဒီအတွက်ကို ဘယ်သူတွေ လုပ်ချင်သလဲ လာညှိပါဆိုတာမျိုးရောက်သွားတယ်။ ဘယ်လောက်အတိုင်းအတာထိ ဘယ်လိုလုပ်မလဲဆိုတာက သူတို့ပေါ် မူတည်တယ်ဆိုတဲ့ အဓိပ္ပာယ် သွားသက်ရောက်တယ်။ ထိပ်ကထိန်းချုပ်လိုက်တဲ့သဘောပဲ။ ထိပ်ကနေပြီးတော့မှဒီနှစ်လျှော့လိုက်ဆိုရင် အောက်ကလည်း သူ့ဟာသူ လျှော့ချလိုက်တယ်။”

စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ စပွန်ဆာတွေ လျော့ကျကုန်တာ၊ မဏ္ဍပ်စရိတ်တွေ တက်လာတာ တွေကြောင့်လဲ သင်္ကြန်မဏ္ဍပ်နည်းသွားတာပါတယ်လို့ပြောပါတယ်။ ဒီနှစ်သင်္ကြန်မဏ္ဍပ်တွေမှာ စီစီတီဗီ လုံခြုံရေးကင်မရာတွေ တပ်ရမယ်ဆိုတာကြောင့် တပ်ဆင်ကြရပြီး လုံခြုံရေးဝန်ထမ်းတွေလည်း ခေါ်ယူချထားပေးကြရမှာ ဖြစ်ပါတယ်။ မနှစ်က သင်္ကြန်မဏ္ဍပ်ကြီးတခု ကုန်ကျစရိတ်ကျပ်သိန်း ၁၀၀ လောက်ရှိပြီး ဒီနှစ်တော့ ၁၂၅ သိန်းလောက်ကုန်ကျတယ်လို့ မဏ္ဍပ်စီစဉ်သူတဦးကပြောပါတယ်။ မနှစ်က ရန်ကုန်သင်္ကြန်ပိုးပေါက်ကွဲမှုကို အကြောင်းပြုပြီး ဒီနှစ်သင်္ကြန်မှာ လုံခြုံရေးတွေကို မဏ္ဍပ်တခု ဘယ်နှဦးထိချထားမယ်ဆိုတာမျိုးကို ပြည်တွင်းသတင်းဂျာနယ်တွေမှာ ရေးသားဖော်ပြခဲ့ကြပါတယ်။ လုံခြုံရေးချတဲ့ကိစ္စမျိုးက လှူ့ဒါန်းဆောင်ရက်ရတာဖြစ်တယ်။

ဒါကို အကျယ်တဝင့်ပြောပြီး ရေးသားဖော်ပြနေတော့ သင်္ကြန်ပွဲနွှဲမယ့်ပြည်သူတွေကို ကြိုတင်ခြောက်လှန့်ထားသလို ဖြစ်နေတယ်လို့လည်းစာနယ်ဇင်းအယ်ဒီတာတဦးကမှတ်ချက်ပေးပါတယ်။ မန္တလေးမြို့မှာလည်း မနှစ်က သင်္ကြန်နဲ့စာရင် သင်္ကြန်မဏ္ဍပ်အရေအတွက် ထက်ဝက်လောက်လျော့ကျသွားတယ်လို့ မြို့ခံတဦးကပြောပါတယ်။ ဒီနှစ်မှာ ဌာနဆိုင်ရာ မဏ္ဍပ်တချို့မထွက်တော့ဘဲ ကုမ္ပဏီမဏ္ဍပ်အရေအတွက်လည်းလျော့ကျသွား တယ်လို့ဆိုပါတယ်။ အခုလို မဏ္ဍပ်တွေလျော့ကျသွားတာအကြောင်း နှစ်ခုကြောင့် ဖြစ်နိုင်တယ်လို့ မန္တလေးက စာနယ်ဇင်းဆရာ ကျော်ရင်မြင့်က အခုလိုပြောပါတယ်။

“မဏ္ဍပ်လုပ်မယ်ဆိုရင် လုံခြုံရေးအစီအမံတွေ အများကြီးထားရမယ်။ နောက် မဏ္ဍပ်တာဝန်ခံတွေမှာ တာဝန်အများကြီးရှိတယ်။ ကိုယ့်မဏ္ဍပ်မှာ တခုခုဖြစ်သွားရင် သူတို့မှာ တာဝန်ရှိတယ်။ အဲတော့ မလုပ်ဘဲနဲ့ လျှော့သွားတယ်ထင်တယ်။ နောက်တခုက မဏ္ဍပ်တွေလုပ်ကြတာက များသောအားဖြင့် စီးပွားရေးလုပ်ငန်းကုမ္ပဏီတွေက လုပ်ကြတယ်။ နောက်တခါ ဌာနဆိုင်ရာတွေက တာဝန်အရ လုပ်ကြတယ်။ စီးပွားရေး ကုမ္ပဏီတွေက ပိုက်ဆံသိပ်ပြီး မသုံးလိုတဲ့ သဘောကြောင့်ဖြစ်မယ်။ မသုံးလိုတာ၊ မသုံးနိုင်တာပေါ့။”

အမည်မဖော်လိုတဲ့ စီးပွားရေးလုပ်ငန်းရှင်တဦးက အစိုးရသစ်က သင်္ကြန်လို အပျော်အပါး ကိစ္စတွေမှာ ငွေကြေးအမြောက်အမြားသုံးစွဲတာကို မလုပ်စေ ချင်တာကြောင့် လုပ်ငန်းရှင်အများစုလဲ ဒီနှစ် သင်္ကြန်ငြိမ်နေကြတာလို့ဆိုပါတယ်။ ရန်ကုန်သင်္ကြန်မှာ မနှစ်က သင်္ကြန်မဏ္ဍပ်ပေါင်း ၆၀ ကျော်ရှိခဲ့ရာက ဒီနှစ်မှာ ၄၀ လောက်၊ မန္တလေးမှာ ၆၅ ခုလောက်ရှိခဲ့ရာက ဒီနှစ်မှာ ၃၀ ကျော် လောက်ပဲရှိတယ်လို့ ပြောပါတယ်။

**စာမျက်နှာ ၈ မှ**

ခုနှစ် ကနေဒါနိုင်ငံ First Chalk River accident ။ ၁၉၆၉ ခုနှစ် ဆွစ်ဇာလန်နိုင်ငံ Lucens partial core meltdown ။ ၁၉၈၇ ခုနှစ် ဘရာဇီးနိုင်ငံ Goiânia accident စတဲ့နေရာတွေမှာ ဖြစ်ခဲ့ပါတယ်။

အဆင့် ၄ Accident with local consequences ဒေသတွင်းအကျိုးသက်ရောက်မှုဆိုတာကတော့ ရေဒီယို ဓာတ်သတ္တိကြွတဲ့ဒြပ်တွေ အနည်းအကျဉ်းစိမ့်ထွက်ပျံ့နှံ့ခဲ့တာကို ခေါ်တာပါ။ ဒေသတွင်းမှာ စားသောက်စရာတွေနဲ့ပတ်သက်ပြီး ကန့်သတ်ထိန်းချုပ်တားမြစ်တာတွေလုပ်ပြီး အရေးယူဆောင်ရွက်ရတဲ့အဆင့်ပါ။

လူထုကြားမှာဓာတ်ရောင်ခြည်သင့်ခံရနိုင်တဲ့အဆင့်ဖြစ်ပါတယ် အဲဒီအဆင့်သတ်မှတ်ခံခဲ့ရတဲ့ ကမ္ဘာပေါ်က ညူကလီယားမတော်တဆမှုတွေထဲမှာ တဦးသေဆုံးခဲ့ပါတယ်။ ဓာတ်ပေါင်းဖိုထိခိုက်မှုဖြစ်နိုင်တဲ့အဆင့် ဖြစ်ပါတယ်။ ဗြိတိန်၊ အမေရိကန်၊ ပြင်သစ်၊ အာဂျင်တီးနား၊ ချက်ကိုစလိုဗားကီးယား၊ ဂျပန်နိုင်ငံတွေမှာ ဖြစ်ခဲ့ဘူးပါတယ်။

အဆင့် ၃ Serious incident စိုးရိမ်ဖွယ်ဖြစ်ရပ်ဆိုတာကတော့ ညူကလီယားစက်ရုံတွေ ၊ ဓာတ်ပေါင်းဖိုတွေမှာ အလုပ်လုပ်တဲ့ အလုပ်သမားတွေတနှစ်ကို ဓါတ်ရောင်ခြည်သင့်ခံရတဲ့ပမာဏထက် ၁၀ မြင့်မားတဲ့အဆင့်ကိုခေါ်တာပါ။ သေလောက်တဲ့အထိမဖြစ်ပါဘူး။ အရေပြားတွေလောင်သွားလောက်တဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဗြိတိန်၊ ဟန်ဂေရီ၊ စပိန်နိုင်ငံတွေမှာ ဖြစ်ခဲ့ဘူးပါတယ်။

အဆင့် ၂ Incident ဖြစ်ရပ်ဆိုတာကတော့ လူတွေဓာတ်ရောင်ခြည်သင့်ခံရတဲ့ပမာဏဟာ ၁၀ မီလီဆီးလ်ဗားတ်ပဲရှိပါတယ်။ အလုပ်သမားတွေ ဓာတ်ရောင်ခြည်သင့်ခံရတဲ့ ပမာဏထက်ပိုမိုတဲ့ရောင်ခြည်သင့်ခံရမှုအဆင့်ဖြစ်ပါတယ်။ စပိန်၊ ဆွီဒင်၊ ပြင်သစ်နိုင်ငံတွေမှာဖြစ်ခဲ့ပါတယ် ။

အဆင့် ၁ Anomaly ပုံမှန်မဟုတ်မှု ဆိုတာကတော့ ပြည်သူ တွေအနေနဲ့တနှစ်ရောင်ခြည်သင့်ခံရရင် အန္တရာယ်မဖြစ်စေတဲ့ ပမာဏကို ကျော်လွန်တဲ့အဆင့်ဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံဖြစ်ခဲ့ဘူးပါတယ်။

အဆင့် ၀ ကတော့ Deviation (no safety significance) သိသာသောဥပါဒ်မဖြစ်မှု ဆိုတာကတော့ ဘေးဥပါဒ်သင့်တဲ့အဆင့်မဟုတ်ပါဘူး။ စလိုဗေးနီးယား၊ အာဂျင်တီးနား၊ ဂျပန်နိုင်ငံတို့မှာဖြစ်ခဲ့ပါတယ်။

ဂျပန်အစိုးရကသတ်မှတ်ခဲ့တဲ့အဆင့်၇ဆိုတာကဘယ်နေရာကိုသတ်မှတ်ထားသလဲဆိုတာက သာမန်ပြည်သူတွေအနေနဲ့ မသိမဖြစ်သိဖို့လိုအပ်တဲ့အချက်ပါ။ အဲဒီလိုမဟုတ်ရင် ကြောက်ရွံ့စိုးရိမ်မှုတွေ ဖြစ်နိုင်လို့ပါပဲ။ ဖူကူရှီးမား ဒိုင်းအိချိ အမှတ်တစ်ဓာတ်အားပေးစက်ရုံ နေရာမှာဖြစ်ပါတယ်။ ဂျပန်အစိုးရက အဲဒီလိုမကြေညာခင်မှာ IAEA ကို ကြိုတင်အသိပေးပြီး ယာယီသတ်မှတ်ထားတယ်ဆိုတဲ့လျှောက်လွှာကို တင်ထားခဲ့တယ်လို့ IAEA ကဆိုပါတယ်။



# သတင်းတိုထွာဖတ်စရာ

ဝရှ်ဝိဝရုး

## မြန်မာနဲ့နျူကလီးယား

မြန်မာနိုင်ငံမှာ ညျူကလီယားလက်နက်ထုတ်လုပ်နိုင်တဲ့ နည်းပညာမရှိသေးပေမဲ့ မြောက်ကိုရီးယားရဲ့ကူညီပံ့ပိုးမှုတွေနဲ့ တိုးတက်ဖြစ်ထွန်းလာနိုင်တယ်လို့ တောင်ကိုရီးယားသတင်းဌာနက ပညာရှင်တယောက်ရဲ့ပြောဆိုချက်ကိုဖော်ပြလိုက်ပါတယ်။ ညျူကလီယားဆိုင်ရာပညာရှင်တဦးက ဂျာမန်နည်းပညာကိုသုံးပြီး ကြွယ်ဝယူရေနီယံထုတ်လုပ်နိုင်တဲ့နည်းတွေကို မြန်မာနိုင်ငံမှာလုပ်နိုင်နေပြီလို့ ဆိုပါတယ်။ ဂျာမန်တွေ စက်ရုံကိုလာရောက်စစ်ဆေးတဲ့အခါ အရပ်ဘက်သုံးအတွက်လုပ်ဆောင်ထားပြီး ပြန်သွားတဲ့အခါ စစ်တပ်က ဝင်ရောက်လုပ်ကိုင်နေတယ်လို့ဆိုပါတယ်။ (BERNAMA, 12.4.2011)

## ထူးမခြားနား

မြန်မာပြည်က ကာကွယ်ရေးဦးစီးချုပ်သစ်ဟာ စစ်တပ်အရာရှိလောင်းသင်တန်းဆင်းပွဲတခုမှာ စစ်တပ်အင်အားတောင့်အောင်နဲ့ နိုင်ငံရေးနဲ့ပတ်သက်တာတွေကိုလည်း ကိုင်တွယ်လုပ်ဆောင်နိုင်တဲ့စစ်တပ်ဖြစ်တယ်လို့ဆိုပါတယ်။ ဗိုလ်ချုပ်မင်းအောင်လှိုင်ဟာ ငယ်တဲ့သူဖြစ်တဲ့အတွက် စစ်တပ်အတွင်းပြုပြင်ပြောင်းလဲမှုတွေလုပ်လာနိုင်တဲ့သူလို့ ခန့်မှန်းပြောဆိုချက်တွေရှိနေပေမဲ့လည်း အခုလိုအပြောက အရင်နဲ့အတူတူပဲဆိုတာဖြစ်နေပါတယ်။ (APF,10. 4.2011)

## လေကြောင်းထိုးစစ် ရင်ဆိုင်ရန်အသင့်

UWSA တပ်ဖွဲ့တွေဟာ နအဖရဲ့အမွေဆက်ခံတဲ့ အစိုးရရဲ့တပ်ဖွဲ့တွေက လေကြောင်းကနေထိုးစစ်ဆင်လာရင် ရင်ဆိုင်ဖို့အဆင်သင့်ပြင်ထားတယ်လို့သိရပါတယ်။ အင်အား သုံးသောင်းရှိတဲ့ ဝ တပ်ဖွဲ့တွေဟာ ရှေ့တန်းစခန်းတွေမှာပြင်ဆင် မှုတွေလုပ်နေပါတယ်။ မတ်လကုန်လောက်ကစပြီး နှစ်ဘက်အကြားဆက်ဆံမှုတွေကို အလေးထားနေကြပြီး ထိုးစစ်တွေအတွက်လည်း ပြင်ဆင်နေကြတယ်လို့မြန်မာအစိုးရအရာရှိတဦးကဆိုပါတယ်။ (IRRAWADDY, 11.4.2011)

## စင်္ကာပူနဲ့မြန်မာတို့ ပူးပေါင်းဆက်ဆံကြမည်

မြန်မာနိုင်ငံခြားရေးဝန်ကြီးဟာ စင်္ကာပူနိုင်ငံခြားရေးဝန်ကြီးနဲ့တွေ့ဆုံကာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အာဆီယံအတွင်း ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်လုပ်ဆောင်ဖို့အတည်ပြုခဲ့ကြပါတယ်။ အဲဒါအပြင် မြန်မာနိုင်ငံအတွက် လူသားအရင်းအမြစ်တိုးတက်ဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်ကြဖို့ကိုလည်း သဘောတူခဲ့ကြပါတယ်။ ထိုင်းနိုင်ငံမှာကျင်းပတဲ့ အရှေ့အာရှထိပ်သီးအစည်း အဝေးရဲ့ဝန်ကြီးများ အလွတ်သဘောအထူးအစည်းအဝေးမှာ အဲဒီလိုတွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ (BERNAMA, 10.4.2011)

## အီးယူ၏လွတ်ငြိမ်းချမ်းသာခွင့်

မြန်မာနိုင်ငံမှာ စစ်အစိုးရကနေ စစ်ယူနီဖောင်းချွတ်အစိုးရအဖြစ်ပြောင်းလဲခဲ့ပြီးတဲ့နောက် အရပ်သားဝန်ကြီးတချို့ကို အီးယူက ဘဏ္ဍာရေးနဲ့ခရီးသွားလာမှု ကန့်သတ်ပိတ်ပင်ထားချက်တွေကို ဖယ်ရှားလိုက်တယ်လို့သိရပါတယ်။ ဒီလိုလုပ်ဆောင်လိုက်တာဟာ ၁၉၉၆ ခုနှစ်မှာ စစ်အစိုးရရဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုအကြောင်းပြုပြီး ကန့်သတ်ပိတ်ပင်ခဲ့တာကို ပထမဦးဆုံးအကြိမ်လျှော့ပေါ့ပေးလိုက်တာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးဝန်ကြီးအပါအဝင် ဝန်ကြီး ၄ ဦးနဲ့ဒုဝန်ကြီး ၁၈ ဦးတို့ အီးယူရဲ့လွတ်ငြိမ်းချမ်းသာခွင့်ရလိုက်ပါပြီ။ (BBC, 13.4.2011)

## ဒုက္ခသည်စခန်း ပိတ်ပြစ်တော့မည်

ထိုင်းအစိုးရက ထိုင်းနိုင်ငံနယ်နိမိတ်အတွင်းမှာရှိတဲ့ ဒုက္ခသည်စခန်းတွေကိုပိတ်ပြစ်ပြီး ဒုက္ခသည်တွေကို မြန်မာနိုင်ငံကို ပြန်ပို့ဖို့လုပ်မယ်လို့ ထုတ်ဖော်ပြောဆိုလိုက်တဲ့အတွက် စိုးရိမ်မှုတွေမြင့်တက်လာခဲ့ပါတယ်။ ဒုက္ခသည်တွေ မြန်မာနိုင်ငံကိုပြန်ရောက်တဲ့အခါဘေးကင်းလုံခြုံမှုရှိဖို့နဲ့ သိက္ခာရှိရှိနေနိုင်မယ့်အခြေအနေတွေ လောလောဆယ်မှာမရှိသေးတဲ့အတွက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အစိုးရသစ်ပေါ်လာပေမဲ့ စစ်အစိုးရကို အမွေဆက်ခံတဲ့သဘောမျိုးမှာ ပဲရှိသေးတာကြောင့်အခုလိုစိုးရိမ်နေကြတာဖြစ်ပါတယ်။ (IRIN, 12.4.2011)

## မြန်မာအတွက် အမေရိကန်အထူးကိုယ်စားလှယ်

သမတအိုဘားမားက မြန်မာပြည်ဆိုင်ရာအထူးကိုယ်စားလှယ်အဖြစ် ဒဲရစ်မစ်ချဲလ်ကိုခန့်အပ်လိုက်ပါပြီ။ သူဟာ ပင်တဂွန်စစ်ဌာနချုပ်မှာ အာရှနဲ့ပစိဖိတ်လုံခြုံရေးဆိုင်ရာဌာနမှာအလုပ်လုပ်နေတဲ့သူဖြစ်ပြီး မကြာခင်ကာလအတွင်းမှာ သူ့ရဲ့တာဝန်တွေကိုစတင်ထမ်းဆောင်တော့မှာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း သတိထားပြီးကြိုဆိုလိုက်ပါတယ်။ (AP, 11.4.2011)

## စီးပွားရေးက ပထမ

အာဆီယံနိုင်ငံတွေဟာ မြန်မာစစ်အစိုးရကို စစ်မှန်တဲ့ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ပြီး ပြည်သူတွေရဲ့ဘဝအခြေအနေတွေ တိုးတက်လာအောင်လုပ်ဖို့တိုက်တွန်းလိုက်ပါတယ်။ မြန်မာပြည်ရဲ့ ကိုယ်ပိုင်စီးပွားရေးပေါ်လစီတွေကိုဖော်ဆောင်မယ့် အစိုးရကိုလည်း ကြိုဆိုလိုက်ပါတယ်။ (IRRAWADDY, 11.4.2011)

# ဧရာဝတီတိုင်း၊ ဘိုကလေးမှာ လေဆင်နှာမောင်းတိုက်

**RFA ၊ ဧပြီ ၁၁ ။** ။ ဧပြီလ ၁၀ ရက်နေ့ ညနေ ၄ နာရီလောက်က ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်အတွင်းလေဆင်နှာမောင်းတိုက်ခတ်ခဲ့တဲ့အတွက် ပျဉ်ဘိုးကြီးကျေးရွာမှာ စာသင်ကျောင်းတကျောင်းအပါအဝင်အိမ်ခြေ ၂၀ လောက် ပျက်စီးသွားကြောင်း သတင်းရရှိပါတယ်။

အသင့်အတင့်အားပြင်းတဲ့ လေဆင်နှာမောင်းတိုက်ခတ်ပြီးတဲ့နောက် သက်ဆိုင်ရာတာဝန်ရှိသူတွေက ပျဉ်ဘိုးကြီးကျေးရွာကိုသွားရောက်ခဲ့ကြောင်း ဘိုကလေးမြို့ခံကိုစောဇန်ကူးက အခုလို ပြောပြပါတယ်။

"ဟုတ်ပါတယ်ခင်ဗျာ။ အခုဒီ ဘိုကလေးမြို့နဲ့ ဒီ ၁၅ မိုင်ခန့်အကွာပေ့ါ၊ ပျဉ်ဘိုးကြီးကျေးရွာမှာတိုက်သွားတာပါ။ အိမ်ခြေကအဲဒီကျေးရွာမှာက ၁၅၀ လောက်ရှိပြီးတော့ အိမ်အလုံး ၂၀ ခန့်အမိုးလန်သွားတယ်။ နောက် စာသင်ကျောင်းလေး အမိုးလန်သွားတယ်ပေ့ါ။ ၆ နာရီ ၁၀ မိနစ်လောက်မှာတော့ ဒေသဆိုင်ရာက အုပ်ချုပ်ရေးကဏ္ဍာရယ်၊ နောက်ပြီးတော့ ရဲတပ်ဖွဲ့က ဒုရဲအုပ်တယောက်နဲ့ ရဲတပ်သားတယောက်ရယ်။ ပြီးတော့ ပညာရေးဌာနရယ်၊ ကြက်ခြေနီအဖွဲ့ရယ် ဆင်းသွားတယ်လို့တော့ ကြားသိရတယ်။"

သဘာဝဘေးအန္တရာယ်တွေအကြောင်းကို မြန်မာ့ မိုးလေဝသနဲ့ ဇလဗေဒဌာနအကြီးအကဲဟောင်းဦးထွန်းလွင်က ဘိုကလေးမြို့နယ်အတွင်း လှည့်လည်ဟောပြောနေချိန်မှာ အခုလို လေဆင်နှာမောင်းကျရောက်ခဲ့တာဖြစ်ပါတယ်။ ရာသီဥတု ပြောင်းလဲမှုတွေကြောင့် မြန်မာနိုင်ငံမှာမိုးဦးရာသီစောလာနေပြီးမုန်တိုင်းတွေဖြစ်ပေါ်တတ်ကြောင်း ဧပြီလ ၉ ရက်နေ့ကသတိပေးပြောကြားချက်နဲ့တိုက်ဆိုင်နေကြောင်း ဒေသခံတွေကပြောဆိုပါတယ်။ ဦးထွန်းလွင်ရဲ့ဟောပြောပွဲကိုနားထောင်ခဲ့တဲ့ ဘိုကလေးမြို့ခံတဦးကတော့ အခုလိုပြောပါတယ်။

"ဦးထွန်းလွင်က ခုမိုးကြိုကာလကတဲ့ ဧပြီ၊ မေဟာ မိုးကြိုကာလဖြစ်နေပြီတဲ့။ ဟိုတုန်းကမိုးကြိုကာလက မေ ၁၅ ရက်မှာစတာတဲ့။ အခုဟာက သူက ရှေ့ကို ၄၅ ရက်တိုးပြီးတော့စတဲ့အတွက် ဧပြီနဲ့မေမှာ မုန်တိုင်းဖြစ်ပေါ်နိုင်မှုတွေရှိတယ်လို့တော့ သူကပြောသွားတယ်ခင်ဗျ။ တော်တော်အကျိုးရှိပါတယ်။ ဒီပုဂ္ဂိုလ်ဟာ တော်တော်လေးကိုလည်း ကျွမ်းကျင်တယ်ပေ့ါနော်။ မိုးလေဝသနဲ့ ပတ်သက်လာရင်။ သူ့အပေါ်မှာ လူထုကလည်း တော်တော်ယုံကြည်တယ်။"

ဦးထွန်းလွင်ဟာ ဧပြီ ၁၁ ရက် နေ့မှာတော့ မနေ့က လေဆင်နှာမောင်းဒဏ်ခံရတဲ့ရွာနဲ့ကပ်လျက် စက်စမ်းကျေးရွာမှာသွားရောက်ဟောပြောနေကြောင်း သိရပါတယ်။

# ဖူကူရှီးမားနျူကလီးယားစံနှုန်း အရေးပေါ်အဆင့်တိုး

**BBC ၊ ဧပြီ ၁၂ ။** ။ ဂျပန်နိုင်ငံ၊ ဖူကူရှီးမား နျူကလီးယားစက်ရုံမှာ INES လို့ခေါ်တဲ့ နျူကလီးယား မတော်တဆဖြစ်မှု နိုင်ငံတကာစံနှုန်း အရေးပေါ်အခြေအနေအဆင့်ကို အခုအခါ အမြင့်ဆုံးအဆင့် ၇ အထိ သတ်မှတ်လိုက်ပြီလို့ အစိုးရကပြောပါတယ်။

အချက်အလက်တွေပြန်လည်သုံးသပ်အပြီးမှာ အရေးပေါ်အခြေအနေအဆင့် ၅ ကနေ အခုလို ၇ အထိတိုးမြှင့်လိုက်တာလို့ဆိုပါတယ်။ အခုလိုချက်ချင်းခုန်တက်သတ်မှတ်လိုက်ပေမယ့် အခြေအနေကရုတ်တရက်ဆိုးလာလို့အဟုတ်ဘဲ အားလုံးအခြေအနေတွေကို ဆန်းစစ်လေ့လာပြီး အခုလိုအဆင့်တိုးမြှင့်သတ်မှတ်လိုက်တာလို့ဆိုပါတယ်။ အရင်က INES အရေးပေါ်အခြေအနေအဆင့် ၇ အထိ သတ်မှတ်ခဲ့ဘူးတဲ့ တခုတည်းသောဖြစ်ရပ်က ၁၉၈၆ ခုနှစ်က ချာနိဘိုင်းနျူကလီးယားစက်ရုံပေါက်ကွဲခဲ့တုန်းကဖြစ်ပါတယ်။ ချာနိဘိုင်းတုန်းက နျူကလီးယားလောင်စာချောင်းတွေကိုကာထားတဲ့ အဓိကအမာခံအကာအရံတခုလုံး ပွင့်ထွက်ပေါက်ကွဲခဲ့တဲ့အတွက် နျူကလီးယားဓာတ်ရောင်ခြည်တွေ ပမာဏအမြောက်အများနဲ့ အချိန်အနည်းငယ်လေးအတွင်းမှာဘဲ ပျံ့နှံ့ထွက်သွားတာပါ။

အခု ဖူကူရှီးမားအကျပ်အတည်းပြဿနာမှာတော့ အကာအရံတွေကပွင့်ထွက်မသွားခဲ့ပါဘူး။ ဒါပေမယ့်လည်း ဖူကူရှီးမားစက်ရုံမှာက အမာခံအကာအရံတွေ မလုံခြုံတော့တဲ့အတွက် နျူကလီးယားဓာတ်ရောင်ခြည် တဖြည်းဖြည်းစိမ့်ထွက်နေတဲ့ပြဿနာဖြစ်ပါတယ်။

ချာနိဘိုင်းနဲ့ဖူကူရှီးမားနျူကလီးယားဓာတ်ရောင်ခြည်ထွက်တဲ့ပမာဏအခြေအနေချင်းချင်းယှဉ်ကြည့်လျှင်လည်း ဖူကူရှီးမားမှာက ချာနိဘိုင်းထက် ၁၀ ပုံ ၁ ပုံလောက်ဘဲရှိတာပါ။ ဂျပန်ဝန်ကြီးချုပ် နာအိုတို ခန်းကလည်း ရေဒီယိုသတ္တိကြွဓာတ်ယိုစိမ့်မှုပမာဏ အခုအခါ လျော့ကျသွားနေပြီဖြစ်ပြီး အခြေအနေတွေတဖြည်းဖြည်းတည်ငြိမ်လာနေပြီလို့ ပြောပါတယ်။

# ထိုင်းဒုက္ခသည်စခန်းတွေပိတ်ဖို့ ထိုင်းဘက်ကစီစဉ်နေ

**BBC ၊ ဧပြီ ၁၁ ။** ။ မြန်မာနိုင်ငံမှာ အစိုးရသစ်ကအာဏာလွှဲပြောင်းယူပြီးတဲ့နောက်ပိုင်းမှာ ထိုင်းနိုင်ငံမှာဝန်ထုတ်ဝန်ပိုးဖြစ်နေတဲ့ မြန်မာနိုင်ငံသားဒုက္ခသည် တသိန်းကျော်ကို နေရပ်ရင်းပြန်ပို့ပြီး ဒုက္ခသည်စခန်းတွေအားလုံးကိုပိတ်လိုက်ဖို့ ထိုင်းဘက်ကစီစဉ်နေတယ်လို့ ထိုင်းအရာရှိတယောက်ကိုကိုးကားပြီး APF ကသတင်းရေးပါတယ်။

ထိုင်းဝန်ကြီးချုပ် နိုင်အဖိဆစ်ဝေ့ချာချီဝ ဉက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး တနင်္လာနေ့က ဘန်ကောက်မှာကျင်းပတဲ့ ထိုင်းအမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေးမှာ ဒီကြောင်းကိုဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် ထိုင်းအမျိုးသားလုံခြုံရေးကောင်စီအကြီးအကဲ နိုင်ထာဝင်းပလီယန်ဆီရီရဲ့အတွင်းရေးမှူး ဒေါက်တာဖုန်ချစ်က မြန်မာဒုက္ခသည်တွေကို နေရပ်ရင်းပြန်ပို့ဖို့က မြန်မာနိုင်ငံရဲ့အခြေအနေတွေအားလုံး ပုံမှန်ကိုပြန်ရောက်ဖို့လိုကြောင်း အခုလောလောဆယ်မှာ ပြန်ပို့ဖို့မဖြစ်နိုင်သေးကြောင်း သူတို့နည်းလမ်းတွေရှာနေတုန်းဘဲလို့ ဆိုပါတယ်။ မြန်မာဒုက္ခသည်တွေဟာ ပြီးခဲ့တဲ့အနှစ် နှစ်ဆယ်ကျော်ကတည်းက အကြောင်းအမျိုးမျိုးနဲ့ ထိုင်း-မြန်မာနယ်စပ်က ဒုက္ခသည်စခန်းတွေဆီရောက်လာကြပါတယ်။ စစ်ပြေးဒုက္ခသည်တွေအပြင် သူပုန်နဲ့ဆက်သွယ်တယ်ဆိုပြီး အစိုးရစစ်တပ်က သူတို့ရဲ့ကျေးရွာတွေကနေနှင်ထုတ်လို့ ရောက်လာကြတာရှိသလို တချို့ကတော့ မကြာခဏပေါ်တာဆွဲခံရ၊ အဓမ္မလုပ်အားပေးရတဲ့ဒဏ်တွေကိုမခံနိုင်လို့ ထွက်ပြေးလာကြသူတွေဖြစ်ပါတယ်။

ဒုက္ခသည်တွေကို အခုလောလောဆယ်မှာ နေရပ်ရင်းကိုပြန်မပို့ဖို့ပြောဆိုနေသလို တဘက်မှာလည်း အဲဒီ မြန်မာဒုက္ခသည်တွေကို ကူညီနေတဲ့အလှူရှင်နိုင်ငံတချို့က မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲတွေမပြီးခင်ကတည်းက ဒုက္ခသည်တွေကိုကူညီနေတဲ့ ငွေကြေးအထောက်အပံ့တွေ လျှော့ချလိုက်တာတွေကို တွေ့မြင်နေရပါတယ်။

# ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ မြန်မာအတာသင်္ကြန်ပွဲ စုပေါင်းကျင်းပကြ

**RFA ၊ ဧပြီလ ၁၂ ။** ။ မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် ကုန်ဆုံးပြီး နှစ်သစ်သက္ကရာဇ် ၁၃၇၃ ခုနှစ် နှစ်သစ်ကူးမဲ့ အချိန်အခါသမယမှာပဲ ထိုင်းနိုင်ငံချင်းမိုင်မြို့က မြန်မာနိုင်ငံသားတွေ စုပေါင်းကျင်းပတဲ့ မြန်မာ အတာသင်္ကြန်ပွဲကို ချင်းမိုင်မြို့ တက္ကသိုလ် Art Museum ဝင်းအတွင်း မှာ ဧပြီလ ၁၁ ရက်နေ့ ည ၇ နာရီလောက်မှာ စတင်ဖွင့်လှစ်ကျင်းပ ခဲ့ပါတယ်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ခေါ် ဇင်းမယ်မြို့မှာရှိတဲ့ မြန်မာနိုင်ငံသား တွေစုစည်းပြီး အခုလိုပထမဆုံးအကြိမ်တော်သင်္ကြန်ကြိုတဲ့ပွဲတော် ကျင်းပခဲ့တာကိုတော့ လူ့အခွင့်အရေး ပညာပေးဌာန မြန်မာနိုင်ငံ (HREIB) က ဦးဆောင် ကျင်းပခဲ့တာ ဖြစ်ပြီး အတာသင်္ကြန် အကတွေနဲ့ တူ တခြားတိုင်းရင်းသားတွေကလည်း သူတို့ရဲ့ ရိုးရာအကတွေနဲ့ပါ ပါဝင်ဆင်နွှဲ ကပြခဲ့ကြတာကို တွေ့ရပါတယ်။

ဒီ မြန်မာအတာသင်္ကြန်ပွဲကို ဦးဆောင်ကျင်းပခဲ့တဲ့ လူ့အခွင့် အရေး ပညာပေးဌာန မြန်မာနိုင်ငံ အဖွဲ့ရဲ့ဒါရိုက်တာ ဦးအောင်မျိုးမင်းက ထိုင်းနိုင်ငံမှာ မြန်မာ့အတာသင်္ကြန်ရဲ့ အနုပညာတွေကို ဖော်ထုတ် ပြသခဲ့တာဖြစ်သလို ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားတွေ အားလုံး အတာသင်္ကြန်ကို ဝိုင်းဝန်းကြိုဆိုကြတာလည်းဖြစ်တယ်လို့ RFA ကို ပြောပါတယ်။

"ချင်းမိုင်သင်္ကြန်က မြန်မာသင်္ကြန်နဲ့ဆင်တယ်လို့ ပြောပေမဲ့ မြန်မာသင်္ကြန်က မြန်မာသင်္ကြန်ပါရိုးရာယဉ်ကျေးမှုက ရိုးရာယဉ်ကျေး မှုကွဲလွဲတာရှိတယ်။ အဲ့တော့ကိုယ့်ရဲ့ ရိုးရာဓလေ့လေးတွေထုံး လွှမ်း နေ တဲ့ ဒီလိုမျိုးသင်္ကြန်ပွဲလေး လုပ်မယ်ဆိုပြီးတော့ ရည်ရွယ်ပြီးလုပ် ဆောင်တာဖြစ်တယ်။ အဲ့ဒီအချိန်မှာ ကျနော်တို့ဘာတွေ့ရလည်းဆို တော့ ဒီ မြန်မာ သင်္ကြန်ကို မကြုံဖူးတဲ့တိုင်းရင်း သား လူငယ်လေးတွေ မြန်မာသင်္ကြန်ဆိုတာကို မကြားဘူးတဲ့ကလေး ငယ်လေးတွေက အစ ပါလာတယ်။ အဲဒီတော့ ကျနော်တို့မှာအရမ်းကို ပီတိဖြစ်ရတယ်။ တိုင်းတပါးမှာရောက်နေတဲ့ မြန်မာပြည်သူက လူတွေ ကြားထဲမှာမြန်မာ့ ရိုးရာပွဲလေးတပွဲ အောင်အောင်မြင်မြင်နဲ့လုပ်နိုင်ခဲ့တာ ဒါကျနော်တို့ ကြားထဲမှာ သမိုင်းလေးတခုတော့ဖြစ်သွားတယ်။ နောက်တခုကတော့ ဒီမှာပါဝင်တဲ့ အဖွဲ့အစည်းတွေအားလုံး စုစုစည်းစည်းအတာ သင်္ကြန် ကို ကြိုကြတဲ့ ပုံစံလေးဖြစ်သွားတဲ့အတွက်စုစည်းမှုအားကိုလည်း ကျ နော်ရရှိခဲ့ပါတယ်။"

ဒီ အတာသင်္ကြန်ကို ထိုင်းနိုင်ငံသားတွေနဲ့အတူ ကြိုကြတဲ့ ချင်း မိုင်မြန်မာအတာသင်္ကြန်ပွဲမှာ ရွှေ့ပြောင်းမြန်မာအလုပ်သမားတွေ၊ ချင်း မိုင်မြို့မှာ ပညာသင်ကြားနေကြတဲ့ တိုင်းရင်းသား ကျောင်းသူကျောင်း သားတွေနဲ့ အငြိမ့်သဘင်အဖွဲ့က သီးညီနောင်အဖွဲ့သားတွေအပါအ ဝင် အဖွဲ့အစည်းအသီးသီးက မြန်မာနိုင်ငံသားတွေနဲ့ နိုင်ငံခြားသားတွေ လည်း ပါဝင်ဆင်နွှဲခဲ့ကြတာ တွေ့ရပါတယ်။

အတာသင်္ကြန်အကတွေကိုတော့ ပုံဆိုင်းဝိုင်းတွေနဲ့ တီးခတ် သီ ဆိုထားတဲ့ သင်္ကြန်သီချင်းတွေကိုသာ သီဆိုကပြ ဖျော်ဖြေခဲ့ကြတာ တွေရှိသလို ရှမ်း၊ ကချင် စတဲ့တိုင်းရင်းသားတွေကလည်းသူတို့ရဲ့ တို င်းရင်းသားဝတ်စုံတွေဝတ်ဆင်ပြီး ရိုးရာအကတွေနဲ့ ပါဝင်ဆင်နွှဲကပြ ခဲ့တာတွေရှိပါတယ်။ ချင်းမိုင်မြို့အခြေစိုက် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အဖွဲ့က အမျိုးသမီးတွေကနေ စစ်အစိုးရကို လှောင် ပြောင်သရော်ထားတဲ့အတာသင်္ကြန်သံချပ်ခွေကိုလည်းတင်ဆက်ပြသ ခဲ့ပါသေးတယ်။

## ၁မရ ၇၀၉ နဲ့ ၇၁၀ ကို ရန်ကုန်တိုင်းတပ်ဝင်တိုက်

**BBC ၊ ဧပြီ ၁၄ ။** ။ အင်္ဂါနေ့ည ၈ နာရီလောက်မှာ ရန်ကုန်တိုင်း၊ မှော်ဘီအခြေချ အမှတ် ၄ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်လက်အောက် ခံ တိုက်ကြီးမြို့မှာရှိတဲ့ ခမရ ၇၀၉ တပ်ဖွဲ့တချို့နဲ့ ခမရ ၇၁၀ ပူးပေါင်း တပ်ကို ရန်ကုန်တိုင်းအထူးတပ်တွေက ဝင်ရောက်ပစ်ခတ်ရာမှာ ၃ ဦး ပြင်းထန်စွာဒဏ်ရာရရှိသွားတယ်လို့ ခမရ ၇၀၉ က တပ်ကြပ်ကြီးတဦး က ဘီဘီစီကိုပြောပါတယ်။

ဒီပစ်ခတ်မှုဟာ ဒုတိယအကြိမ်အပစ်ခံရတာဖြစ်တယ်လို့ဆိုပါ တယ်။ တပ်ကြပ်ကြီးတဦးပြောတာကတော့ လုံခြုံရေးယူထားတဲ့ ရန် ကုန်တိုင်းကတပ်တွေ ခြံစည်းရိုးနားကပ်လာစဉ် လှမ်းမေးရာက စတင် ပစ်ခတ်မှုတွေဖြစ်ပြီး ၇၀၉ ဘက်မှ ရဲဘော် ၃ ယောက်ပြင်းထန်စွာဒဏ် ရာရတယ်လို့ပြောပါတယ်။

ဒီပစ်ခတ်မှုကိစ္စနဲ့ပတ်သက်ပြီး တိုင်းမှူးအပါအဝင် ဒုကစမှူး ဗိုလ်မှူးကြီးအောင်သီဟကိုယ်တိုင် တပ်ရင်းရုံးအထိလာရောက်ဖြေရှင်း ပေမယ့် အဖြေတစုံတရာမရရှိဘူးလို့ဆိုပါတယ်။ အဖြေမရတဲ့အတွက် ရန်ကုန်တိုင်းဘက်က လက်နက်ကြီးတွေနဲ့စစ်အင်အားတိုးချဲ့ထားသ လို ခမရ ၇၀၉ နဲ့ ၇၁၀ တို့ဘက်ကလည်း လက်နက်ကြီးနဲ့ပြန်လည်ပြင် ဆင်ထားတယ်လို့ အဲဒီတပ်ကြပ်ကြီးကဆက်ပြောပါတယ်။

ပထမအကြိမ်ပစ်ခတ်မှုတုန်းကတော့ တပ်ကြပ်ကြီးတဦး ပွဲချင်း ပြီးသေဆုံးပြီး တဦးဒဏ်ရာရရှိသွားပါတယ်။ တကယ်တော့ ဒီပြဿနာ ဟာ ခမရ ၇၀၉ တပ်ဖွဲ့နဲ့ ခမရ ၇၁၀ တပ်တွေ ပူးပေါင်းတောင်းဆိုထား တဲ့ အချက် ၄ ချက်ကြောင့် စတင်တင်းမာသွားတာဖြစ်ပါတယ်။

အဲဒီတောင်းဆိုချက်တွေကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥ ပဒေကို ပြင်ဆင်ပေးဖို့၊ ပြီးတော့ စစ်မှုထမ်းဟောင်းဥပဒေကိုပြင်ဆင်ပြီး လစာတိုးပေးဖို့အပါအဝင် နိုင်ငံတွင်းကနိုင်ငံရေးပြဿနာကို နိုင်ငံရေး အရဖြေရှင်းပေးဖို့နဲ့ ပြည်သူတွေထောက်ခံတဲ့အစိုးရမျိုး ပြန်လည်ဖွဲ့ စည်းပေးဖို့ ဆိုတဲ့အချက်တွေကို ရန်ကုန်တိုင်း တိုင်းမှူးထံတင်ပြရာက တင်းမာလာခဲ့တာဖြစ်တယ်လို့သိရပါတယ်။

### ပြက္ခဒိန်မှ

နေကြောင်း၊ UNHCR Jean-Noel Wetterland မှဆို၏။ သူမပြောသလိုပင် ထိုင်း၏နိုင်ငံတော်လုံခြုံရေးကောင်စီသည် မြန်မာဒုက္ခသည်များပြန်ပို့ရေးတွင် လမ်းမှားလိုက်နေကြောင်း အယ်ဒီတာအာဘော်မှဆို၏။

**ဧပြီ ၁၄၊** NY, PR Wire ။ ။ မြန်မာမှ ဖိ့ ၉၂ ကရက်ရှိ ပတ္တမြားလက်စွပ်ကို ဒေါ်လာ ၁.၃၂သန်းဖြင့် ချူးယောက်တွင်လေလံတင်ရောင်းချခဲ့ကြောင်း။

**ဧပြီ ၁၆၊** DVB ။ ။ အများအကျိုးအတွက်အနစ်နာခံပြီး နာမည်သိပ်မထွက်သူ သုံးဦးအား အသည်းကြွဆုပေးရန် ဂျပန်ရောက်မြန်မာများမှအဆိုပြု ငွေကုန်ခံပြီး အဲ နဲအဲလ်ဒီလူကြီးများမှရွေးချယ်ပေးကာ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ဆုချီး မြှင့်မည့် ဆု သုံးဆုကိုရရှိမည့်သူများမှာ နစ်ရှည်ထောင်ကျနေသော ဦးခင်ဝင်း (ကမာရွတ်)၊ ဆရာတော် အရှင် မဂ္ဂင်ကျောင်းတိုက်ဆရာတော်နှင့် ကိုသန်း နိုင် တောင်တွင်းကြီးတို့ သုံးဦးဖြစ်ကြောင်း။

# မစ္စတာကင်တားနား မြန်မာပြည်သွားဖို့ အစိုးရသစ်ထံခွင့်ပြုချက်တောင်းခံ

**BBC ၊ ဧပြီ ၁၄ ။** ။ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာသောမတ်အိုဟေး ကင်တားနားက မြန်မာနိုင်ငံကိုအမြန်ဆုံးသွားရောက်ဖို့ မြန်မာအစိုးရသစ်ထံမှာ ခွင့်ပြုချက်ထပ်မံတောင်းခံခဲ့ပါတယ်။

မစ္စတာကင်တားနားရဲ့အခုခရီးစဉ်က မြန်မာနိုင်ငံမှာ အရပ်သားအစိုးရသစ်အဖြစ် ပေါ်ပေါက်လာပြီးတဲ့နောက် ပထမဆုံးအကြိမ်သွားမှာဖြစ်လို့ အရေးကြီးပါတယ်။ မစ္စတာကင်တားနားကိုယ်တိုင်အတွက်ဆိုရင်လည်း ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးကိုယ်စားလှယ်တယောက်ရဲ့တာဝန်အရ သက်ဆိုင်ရာနိုင်ငံကို တနှစ် နှစ်ခေါက်တော့သွားဖို့လိုပါတယ်။

မြန်မာပြည်သူတွေနဲ့ထိတွေ့နိုင်တဲ့အခွင့်အလမ်းတွေ၊ အကျဉ်းထောင်တွေကို သွားရောက်နိုင်ဖို့အပြင် အစိုးရသစ်နဲ့လည်းတွေ့ဖို့အတွက် သွားလိုတာဖြစ်တယ်လို့ မစ္စတာကင်တားနားက ဘီဘီစီကိုပြောပါတယ်။ မြန်မာနိုင်ငံကိုသွားရရင် လူ့အခွင့်အရေးအခြေအနေတွေပိုမိုကောင်းမွန်လာအောင်လုပ်ဆောင်နိုင်တဲ့ အခွင့်အလမ်းရနိုင်မယ်၊ အစီရင်ခံစာကိုလည်း ပိုကောင်းကောင်းရေးနိုင်မယ်၊ မြန်မာအစိုးရကလည်း အသစ်ပြောင်းသွားပြီးဖြစ်တာကြောင့် သွားချင်တာပါလို့ဆိုပါတယ်။

သူမြန်မာနိုင်ငံကိုသွားခွင့်ရရင် နေအိမ်အကျယ်ချုပ်ကျနေချိန်ကတည်းက တွေ့ဖို့ကြိုးစားခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လွတ်လပ်သူတယောက်အဖြစ်တွေ့နိုင်ဖို့လည်း သူ ကြိုးသားမယ်လို့ပြောပါတယ် ။ ခွင့်ပြုချက်ရလို့သွားဖြစ်မယ်ဆိုရင် အစိုးရနဲ့ဘာတွေဆွေးနွေးမယ်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘာတွေဆွေးနွေးပြောဆိုမလဲဆိုတာကို မစ္စတာကင်တားနားက အတိအကျမပြောပေမယ့် ကိုယ်တိုင် လူ့အခွင့်အရေးချိုးဖောက်ခံရသူတယောက်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အတွေ့အကြုံတွေကို သူသိချင်တယ်လို့ပြောပါတယ်။

မတ်လကပြုလုပ်ခဲ့တဲ့ လူ့အခွင့်အရေးကောင်စီဆွေးနွေးပွဲမှာ တင်ပြခဲ့တဲ့ သူ့ရဲ့အစီရင်ခံစာမှာ အဓိကဖော်ပြချက်အပြင် မြန်မာပြည်သူတွေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကပါတောင်းဆိုနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးရေးကိစ္စကို မြန်မာအစိုးရနဲ့ဆွေးနွေးဖြစ်မှာပါလို့ သူကပြောပါတယ်။

မစ္စတာကင်တားနားက မြန်မာနိုင်ငံကိုသွားဖို့ကြိုးသာနေချိန်မှာ အရင် အစိုးရဟောင်းဖြစ်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီအစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းတွေကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေကို နိုင်ငံတကာတရားရုံးမှာ ရုံးတင်တရားစွဲဆိုနိုင်ဖို့ ပြောဆိုနေကြတာဖြစ်တဲ့အတွက် လာမယ့် စက်တင်ဘာလမှာပြုလုပ်မယ့် ကုလသမဂ္ဂအထွေထွေညီလာခံမှာတင်သွင်းမယ့်သူ့ရဲ့အစီရင်ခံစာက အရေးကြီးတဲ့နေရာကပါဝင်နိုင်တယ်လို့ ယူဆတာတွေလည်းရှိနေပါတယ်။

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ NGO အစိုးရမဟုတ်တဲ့အဖွဲ့တွေ၊ လူထုအခြေပြုအဖွဲ့တွေက လူ့အခွင့်အရေးအခြေအနေတွေနဲ့ပတ်သက်ပြီး ဖြစ်ပျက်နေတာတွေကို ထုတ်ဖော်ပြောဖို့လိုပါတယ်။ ပြီးခဲ့တဲ့ လူ့အခွင့်အရေးကောင်စီအစည်းအဝေးမှာလည်း ကျနော်တင်ပြခဲ့တဲ့အတိုင်း မြန်မာအာဏာပိုင်တွေဘက်က ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ၊ ကုလသမဂ္ဂနဲ့ဘယ်လောက်ပူးပေါင်းဆောင်ရွက်မလဲဆိုတာတွေအပေါ် မူတည်နေပါတယ်လို့ မစ္စတာကင်တားနားကဆိုပါတယ်။

မြန်မာနိုင်ငံတွင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေကို မြန်မာအစိုးရကိုယ်တိုင် စုံစမ်းစစ်ဆေးမှုပြုလုပ်ဖို့ တိုက်တွန်းထားတဲ့ မစ္စတာကင်တားနားက မြန်မာနိုင်ငံကိုသွားဖို့ ခွင့်ပြုချက် တောင်းခံထားတာ တပတ်လောက်ရှိပြီဖြစ်ပေမယ့် ခုချိန်ထိတော့ အကြောင်းမပြန်သေးဘူးလို့ မစ္စတာကင်တားနားက ပြောပါတယ်။

---

## အမေရိကန်အခန်းကဏ္ဍ ဝါရှင်တန်ဒီစီမှာ ဆွေးနွေး

**RFA ၊ ဧပြီ ၁၅ ။** ။ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာအခြေစိုက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စ အိုင်လင်း ဒိုနာဟိုးနဲ့အဖွဲ့ဟာ မြန်မာနဲ့အီရန်နိုင်ငံက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးလှုပ်ရှားသူတွေကိုဖိတ်ခေါ်ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှာ အမေရိကန်ရဲ့အခန်းကဏ္ဍဆိုတဲ့ခေါင်းစဉ်နဲ့ ဝါရှင်တန်ဒီစီမြို့တော် အောက်လွှတ်တော်အဆောက်အဦမှာ ဆွေးနွေးပွဲတရပ် ဧပြီ ၁၄ ရက် မနေ့ကကျင်းပခဲ့ပါတယ်။

အဲဒီဆွေးနွေးပွဲမှာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ကုလသမဂ္ဂ စုံစမ်းရေးကော်မရှင်တရပ်ဖွဲ့စည်းနိုင်ရေး အမေရိကန်က ဦးစီးလုပ်ဆောင်သွားဖို့ သူတို့အနေနဲ့တိုက်တွန်းခဲ့ကြောင်း NCGUB အဝေးရောက်ညွန့်ပေါင်းအစိုးရ ကုလသမဂ္ဂဆိုင်ရာကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းကပြောပါတယ်။

"ဒီလုပ်ရတဲ့ရည်ရွယ်ချက်ကတော့ အမေရိကန်နိုင်ငံက လူ့အခွင့်အရေး ဝင်ရောက်ဆောင်ရွက်လာတာ ဘာများထူးခြားမှုတွေ ရှိသလဲပေါ့နော်။ ထူးခြားမှုတွေဆိုတာက အခု ဒီနှစ်ပိုင်းအတွင်းမှာပေါ့၊ ၂၀၁၁ ခုနှစ် စပြီးတော့အခုထိမှာဆိုရင် ကျွန်တော်တို့ ဗမာပြည်ကိစ္စနဲ့ပတ်သက်လာလို့ရှိရင် Universal Periodic Review ရှိတယ်၊ နောက်ဒီမတ်လမှာလုပ်တဲ့ လူ့အခွင့်အရေးကောင်စီအစည်းအဝေးမှာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်တွေရှိတယ်။ ဆိုတော့ အဲဒီကိစ္စတွေမှာ ကျွန်တော်တို့ရဲ့သဘောထားတွေပေါ့။ Commission of Inquiry ဖွဲ့တဲ့နေရာမှာ အမေရိကန်နိုင်ငံက အလားတူ အားထုတ်မှုမျိုးတွေ လုပ်ဖို့ပေါ့နော်၊ ဆွေးနွေးတာဖြစ်ပါတယ်။"

အမေရိကန်နိုင်ငံဟာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့လုပ်ဆောင်ချက်တချို့ကို မကျေနပ်တာကြောင့် အစောပိုင်းမှာ ကောင်စီကနုတ်ထွက်ထားခဲ့ပြီး၊ ၂၀၀၉ ခုနှစ်မှာမှ ကောင်စီအဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်ခဲ့ပါတယ်။

မနေ့ကကျင်းပတဲ့ဆွေးနွေးပွဲမှာ အမေရိကန်အစိုးရရဲ့ လူ့အခွင့်အရေးဆိုင်ရာလုပ်ဆောင်ချက်တွေကို ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြသလို၊ ပြည်ပအခြေစိုက် မြန်မာနဲ့အီရန်အတိုက်အခံအဖွဲ့တွေရဲ့ လိုလားချက်တွေကိုလည်း ကြားနာခဲ့ကြောင်းသိရပါတယ်။

အခုလိုဆွေးနွေးပွဲဖြစ်မြောက်အောင် OSI အဖွဲ့ Freedom House အဖွဲ့နဲ့ Democracy Coalition အဖွဲ့တွေကစုပေါင်း စီစဉ်ပေးခဲ့ကြောင်းသိရပါတယ်။

# နအဖအစိုးရသစ် နိုင်ငံခြားရေးဝန်ကြီးသစ်အပြော စောင့်ကြည့်သင့်

**Mizzima ၊ ဧပြီ ၁၂။** ။ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးမည်ဆိုပါက အစိုးရသစ်နှင့်ဒီမိုကရေစီအင်အားစုများအကြား ပွင့်လင်းသောဆက်ဆံရေးလမ်းကြောင်းတခုဖြစ်လာနိုင်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒုဥက္ကဋ္ဌ ဦးတင်ဦးကပြောသည်။

တနင်္လာနေ့တွင်ပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးမျာ းအစည်းအဝေး၌ မြန်မာနိုင်ငံခြားရေးဝန်ကြီးသစ် ဦးဝဏ္ဏမောင်လွင်က ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာ့နိုင်ငံရေးတွင် သက်ဆိုင်သူအားလုံးနှင့် ဆက်သွယ်ရေးတံခါးဖွင့်ထားကြောင်း ပြောဆိုခဲ့မှုအပေါ် တုံ့ပြန်ပြောဆိုလိုက်ခြင်းဖြစ်သည်။

"နိုင်ငံရေးအကျဉ်းသားတွေလွှတ်ဖို့ကိစ္စက အရေးကြီးတာကိုးဗျ။ ရွေးကောက်ပွဲပြီးရင်ပဲလွှတ်မလား၊ လွှတ်တော်ခေါ်ပြီးရင်ပဲလွှတ်မလား၊ သမတကျမ်းကျိန်ပြီးရင်ပဲလွှတ်မလား၊ အခုဆို နိုင်ငံရေးအကျဉ်းသားမိသားစုနဲ့ ဒီမိုကရေစီအင်အားစုတွေကတော့ နှစ်ဆန်းတရက်မှာပဲလွှတ်မလားပေ့ါ။ ဒါတွေဖြစ်လာရင်တော့ ပြောဆိုထားတဲ့ အတိုင်းပဲ ပွင့်ပွင့်လင်းလင်းဆက်ဆံကြဖို့ လမ်းပွင့်သွားတဲ့သဘောတော့ရှိတာပေ့ါဗျာ" ဟု ဦးတင်ဦးက မဇ္ဈိမကိုပြောသည်။

အစိုးရသစ်နှင့်ဆက်ဆံရေးအတွက် လမ်းစပွင့်စေရန် ကြိုးစားသည့်အနေဖြင့် NLD ဒုဥက္ကဋ္ဌလက်မှတ်ထိုးကာ သမတဦးသိန်းစိန်ထံ ယခင်အပတ်ထဲတွင်စာတစောင်ပေးပို့ခဲ့သော်လည်းတုံ့ပြန်မှုတစုံတရာ မရှိသေးကြောင်းလည်း ဦးတင်ဦးကမဇ္ဈိမကို ပြောသည်။

"ဦးသိန်းစိန်ရဲ့မိန့်ခွန်းက တရားဥပဒေစိုးမိုးရေးတို့၊ တရားမျှတရေးတို့၊ လောကပါလတရားတို့ပြောထားတော့ကာ ကျနော်တို့က လည်း တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လို့ ထိထိရောက်ရောက်လုပ်ပါဆိုတဲ့သဘောတိုက်တွန်းတာပဲ။ လက်ရှိအခြေအနေမှာ တရားရုံးတွေဘာတွေမှာ ပြောရဆိုရ လွတ်လွတ်လပ်လပ်မဖြစ်သေးတာကို ဖြစ်အောင်လုပ်ပေးပါလို့။ အပြုသဘောဆောင်တဲ့ ရရှိနိုင်တဲ့သဘောကိုစမ်းသပ်ရေးလိုက်တဲ့ အစသဘောပဲဗျ" ဟု သူကပြောဆိုသည်။

တရားရုံးများတွင် အများမြင်သာအောင် စစ်ဆေးရေးကဲ့သို့ နမူနာများကိုထောက်ပြပြီး လွတ်လပ်သောတရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အမှန်တကယ်ဖော်ဆောင်ရန် စာထဲတွင် တိုက်တွန်းထားသေးသည်။

ထို့ပြင်၎င်းစာမှာ NLD ၏ ၆၆ နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ ကြေညာချက်ပါ ရင်ကြားစေ့ရေးသဘောထားများနှင့် တဆက်တည်းဖြစ်သည်ဟု ဦးတင်ဦးကဆိုသည်။

စာပါအကြောင်းအရာများနှင့်စပ်လျဉ်း၍ အစိုးရသစ်အနေဖြင့် မည်မျှလိုက်လျောလာနိုင်သည်ကိုမူ ဦးတင်ဦးက "နောက်ပိုင်းလာတာကြည့်ရမှာပဲ။ အရင်လိုပဲသွားတာပဲလား။ ဦးသိန်းစိန်က လွတ်လွတ်လပ်လပ်လုပ်နိုင်တဲ့အနေအထားတွေရှိသလား" ဟု သူကပြောသည်။

---

## နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွှတ်ပေးဖို့ အမေရိကန်ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ပြော

**RFA ၊ ဧပြီ ၁၂။** ။ မြန်မာအစိုးရသစ်အနေနဲ့ နိုင်ငံရေးအရ အပြုသဘောတိုးတက်မှုရှိကြောင်း နိုင်ငံတကာကိုအခိုင်အမာပြသဖို့ အတွက်ဆိုရင် ပထမဆုံးအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွှတ်ပေးဖို့လိုအပ်တယ်လို့ အာရှနဲ့ပစိဖိတ်ဒေသဆိုင်ရာ အမေရိကန်ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Joseph Yun က ဧပြီ ၁၁ ရက် မနေ့ကပြောကြားလိုက်ပါတယ်။

နေပြည်တော်အစိုးရအနေနဲ့ အရင်ဆုံး ဆောင်ရွက်သင့်တာက အကျဉ်းသားနစ်ထောင်ကျော်ကို လွှတ်ပေးဖို့လိုပါတယ်။ အကျဉ်းသားတွေထဲမှာ တချို့ဆိုရင် နှစ်ပေါင်း ၁၀ စုနဲ့ချီကျခံနေရတဲ့အတွက် အိုမင်းနေပါပြီ၊ ဒီနိုင်ငံရေးအကျဉ်းသားတွေအားလုံးလွှတ်ပေးဖို့ကိစ္စကို မိမိတို့အကဲခတ်စောင့်ကြည့်နေပါတယ်လို့ ဂျိုးဇက်ဖ်ယွန်ကပြောသွားပါတယ်။

ဒ့ါပြင် အန်အယ်လ်ဒီအပါအဝင် အတိုက်အခံဒီမိုကရေစီအင်အားစုတွေရဲ့လုံခြုံရေးအတွက် အမေရိကန်အနေနဲ့ အထူးစိုးရိမ်နေကြောင်း၊ မြန်မာအစိုးရအနေနဲ့ NLD ကို တရားဝင်နိုင်ငံရေးပါတီအဖြစ်ရပ်တည်ခွင့်ပေးဖို့လိုအပ်ကြောင်း Mr Yun က ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

အမေရိကန် ဝါရှင်တန်ဒီစီမြို့တော်က John Hopkins တက္ကသိုလ် နိုင်ငံတကာအထူးပြုလေ့လာရေးဌာနမှာ မနေ့က ကျင်းပတဲ့ မြန်မာနိုင်ငံနဲ့ဆက်ဆံနေတဲ့ တောင်နဲ့မြောက်ကိုးရီးယားနိုင် ငံတို့ရဲ့ရည်ရွယ်ချက်ခေါင်းစဉ်နဲ့ဆွေးနွေးပွဲမှာ မစ္စတာ Yun က အခုလို ပြောဆိုခဲ့တာပါ။

---

## SSA မြောက်ပိုင်းတပ်နဲ့ နအဖ တွေ့ဆုံဆွေးနွေး

**RFA ၊ ဧပြီ ၁၂။** ။ အရင်စစ်အစိုးရက ပြည်သူ့စစ်ဖွဲ့စည်းဖို့ ဖိအားပေးတာကို ငြင်းဆန်ခဲ့တဲ့ SSA-N ရှမ်းပြည်တပ်မတော် မြောက်ပိုင်း တပ်မဟာ ၁ ကခေါင်းဆောင်တွေနဲ့ မြန်မာအစိုးရတပ်တွေအကြား ဧပြီ ၁၂ ရက် ဒီကနေ့ ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့မှာ တွေ့ဆုံဆွေးနွေးကြတယ်လို့သတင်းရရှိပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက အစိုးရဖက်က SSA မြောက်ပိုင်း တပ်မဟာ ၁ နဲ့ဆွေးနွေးလိုတယ်လို့ ကမ်းလှမ်းခဲ့ကြောင်း သတင်းထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ ဒီကနေ့ဆွေးနွေးပွဲဖြစ်မြောက်ဖို့အတွက် ကြားခံဆောင်ရွက်ပေးခဲ့တာက ပြည်သူ့စစ်ဖွဲ့သွားခဲ့တဲ့ SSA မြောက်ပိုင်း တပ်မဟာ ၇ က ခေါင်းဆောင်တွေဖြစ်တယ်လို့ အမည်မဖော်လိုတဲ့ ဒေသခံတဦးက RFA ကိုပြောပါတယ်။

SSA မြောက်ပိုင်းဟာ ပြီးခဲ့တဲ့မတ်လကုန်ပိုင်းလောက်ကတည်းက မြန်မာအစိုးရတပ်တွေနဲ့ ကွန်ဟိုင်းနဲ့ တန့်ယန်းအကြားမှာ မကြာခဏ တိုက်ပွဲတွေဖြစ်ခဲ့ပါတယ်။ အခုဆိုရင် အစိုးရတပ်တွေဟာ နန့်ပန်နဲ့ သံလွင်မြစ်ကြားကဒေသတွေကို တပ်စွဲထားနိုင်ပြီဖြစ်တဲ့အတွက် UWSA နဲ့ SSA မြောက်ပိုင်း တပ်မဟာ ၁ တပ်တွေအကြား စစ်ရေးအရပိုင်းခြားထားနိုင်သလိုဖြစ်နေတယ်လို့သိရပါတယ်။

SSA မြောက်ပိုင်း တပ်မဟာ ၁ ကို စစ်ရေးအရ ဆက်လက်ဖိအားပေးနေရင် SSA တောင်ပိုင်းတပ်တွေနဲ့ပြန်လည်ပေါင်း စည်းသွားမှာစိုးရိမ်တဲ့အတွက် အခုလိုဆွေးနွေးဖို့ ကမ်းလှမ်းတာဖြစ်နိုင်တယ်လို့လည်း အကဲခတ်တွေကပြောပါတယ်။

တကယ်လို့တွေ့ဆုံဆွေးနွေးမှု အဆင်ပြေရင် အင်အား ၃၀၀၀ ခန့် ရှိတဲ့ SSA မြောက်ပိုင်း တပ်မဟာ (၁) ကို ဝန်ဟိုင်းဒေသမှာ ပြန်လည်နေရာပေးမယ်လို့လည်း အစိုးရဖက်က ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

## မြန်မာအစိုးရအဖွဲ့သစ် ဒေါ်စုအပါအဝင် သက်ဆိုင်သူအားလုံးနဲ့ဆက်သွယ်ဖို့ တံခါးဖွင့်ထားကြောင်းပြောဆို

**VOA ၊ ဧပြီ ၁၁ ။** ။ မြန်မာအစိုးရအဖွဲ့ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာ့နိုင်ငံရေးမှာ သက်ဆိုင်သူအားလုံးနဲ့ဆက်သွယ်သွားဖို့ တံခါးဖွင့်ထားပါတယ်လို့ မြန်မာနိုင်ငံခြားရေးဝန်ကြီးအသစ်ကပြောလိုက်ပါတယ်။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တော်မှာကျင်းပပြီးစီးခဲ့တဲ့ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ ASEAN နိုင်ငံခြားရေးဝန်ကြီးတွေရဲ့အစည်းအဝေးအတွင်းမှာ အဲဒီလိုပြောခဲ့တာပါ။

မြန်မာနိုင်ငံခြားရေးဝန်ကြီးရဲ့ အခုလိုပြောဆိုချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကလည်းကြိုဆိုလိုက်ပါတယ်။ အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေရဲ့ အလွတ်သဘောအထူးအစည်းအဝေးကို ဘန်ကောက်မြို့တော်မှာ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံခြားရေးဝန်ကြီးသစ် ဦးဝဏ္ဏမောင်လွင်လည်း အဲဒီအစည်းအဝေးကိုတက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးအတွင်းမှာ မြန်မာနိုင်ငံကနောက်ဆုံး အခြေအနေတွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံခြားရေးဝန်ကြီးက အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေကိုပြောပြခဲ့တာမှာ မြန်မာနိုင်ငံမှာ သက်ဆိုင်သူအားလုံးနဲ့ အဆက်အသွယ်လုပ်သွားရေး တံခါးဖွင့်ထားပါတယ်လို့ ထည့်သွင်းပြောဆိုခဲ့တဲ့အကြောင်း အာဆီယံအဖွဲ့အလှည့်ကျဥက္ကဌ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာရ်တီ နာတာလီဂါဝါ Marty Natalegawa က သတင်းထောက်တွေကို ပြန်ပြောပြခဲ့ပါတယ်။

"ကျနော်တို့ကိုပြန်မျှဝေပြောပြတဲ့အဓိကအချက်တွေထဲမှာ သက်ဆိုင်သူအားလုံးနဲ့ဆက်သွယ်သွားဖို့ တံခါးဖွင့်ထားတယ်ဆိုတာလည်းပါဝင်ပါတယ်။အာဆီယံဥက္ကဋ္ဌအနေနဲ့မဟုတ်ဘဲအင်ဒိုနီးရှားနိုင်ငံအ နေနဲ့ ကျနော်ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အကြိမ်အတော်များများ စကားပြောခဲ့ဖူးပါတယ်။ သူဟာ မြန်မာအစိုးရအဖွဲ့သစ်နဲ့ ဆက်သွယ်လုပ်ဆောင်သွားဖို့မျှော်လင့်ထားတယ်ဆိုတာ ကျနော်သိပါတယ်။အစိုးရအဖွဲ့ကလည်းဒီလိုအမြင်မျိုးရှိတယ်ဆိုရင်ဆက်သွယ်တဲ့ကိစ္စဟာ ရည်ရွယ်ချက်သက်သက်မဟုတ်ဘဲအစစ်အမှန်ဖြစ်လာသင့်ပါတယ်။"

ဦးဝဏ္ဏမောင်လွင်ရဲ့အခုပြောစကားဟာ မြန်မာအစိုးရအဖွဲ့သစ်ဖွဲ့စည်းပြီးတဲ့နောက်ပိုင်းမှာ မြန်မာ့နိုင်ငံရေးနဲ့ပတ်သက်လို့ ပထမဆုံးထွက်လာတဲ့မှတ်ချက်ဖြစ်တယ်၊အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေကလည်း မြန်မာနိုင်ငံကဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ တိုးတက်မှုတွေဆက်ရှိသွားဖို့လိုအပ်တယ်ဆိုတာကို အလေးအနက်ပြောခဲ့ကြတယ်လို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးကပြောပါတယ်။ ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့အခန်းကဏ္ဍနဲ့ပတ်သက်လို့ အင်ဒိုနီးရှားနိုင်ငံရဲ့သဘောထားကိုလည်း မစ္စတာနာတာလီဂါဝါကပြောခဲ့ပါသေးတယ်။

"မြန်မာ့အရေးမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ အဖြေရဲ့တစိတ်တပိုင်းဖြစ်ပါတယ်။ ဒါက ပကတိလက်တွေ့အစစ်အမှန်အခြေအနေပါ။ ဒါ့ကြောင့် မြန်မာနိုင်ငံအနာဂတ်မှာသူပါဝင်ရပါမယ်၊ အနာဂတ်ဆွေးနွေးပွဲတွေမှာ သူ ပါဝင်ရပါမယ်။ ဒါက အင်ဒိုနီးရှားနိုင်ငံရဲ့ အမြင်ပါ၊ အာဆီယံဥက္ကဋ္ဌအနေနဲ့ ကျနော်ပြောတာမဟုတ်ပါဘူး။"

မြန်မာနိုင်ငံခြားရေးဝန်ကြီးက ဒီလိုပြောခဲ့တာမှန်တယ်ဆိုရင် ကြိုဆိုပါတယ်လို့ NLD ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောသလို ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့သဘောထားအပေါ်လည်းတုန့်ပြန်မှတ်ချက်ပေးခဲ့ပါတယ်။

"ဒီလိုပြောတယ်ဆိုတာ ဟုတ်တယ်ဆိုရင်တော့ ကျနော်တို့ကြိုဆိုပါတယ်။ ကျနော်တို့ထိတွေ့ဆက်ဆံဖို့ကအရေးကြီးပါတယ်။ ကျနော်တို့ကြိုဆိုပါတယ်။ ကျနော်တို့ကလည်း ကိုယ်ပါဝင်ရမှမဟုတ်ဘူး၊ တိုင်းပြည်အရေးအတွက်ဆောင်ရွက်ဖို့ လမ်းဖွင့်ပြီးတော့ dialogue (ဆွေးနွေးဖို့) တောင်းနေတာပါ။"

သမ္မတ ဗိုလ်ချုပ်ကြီးဟောင်းဦးသိန်းစိန်ဆီကိုမကြာသေးခင်ရက်ပိုင်းကပဲ NLD က စာတစောင်ရေးသားပေးပို့ခဲ့ပါတယ်။ ဒါဟာလည်း အစိုးရအဖွဲ့သစ်ဆီကို NLD ဘက်က ပထမဆုံးစတင် ဆက်သွယ်ခဲ့တာဖြစ်ပါတယ်။

"ကျနော်တို့ပို့ထားတာမှန်ပါတယ်။ ဟိုအရင်တုန်းကတော့ဆက်သွယ်ရေးဝန်ကြီးက ကျနော်တို့ပို့တဲ့စာကို ၆ ရက်ကြာမှရတယ်လို့ ပြောဖူးတယ်လေ။ ကျနော်တို့ အဲဒါကို စောင့်ပါတယ်။"

အာဆီယံနိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံကအခြေအနေတွေကို ကိုယ်တိုင်ကိုယ်ကျကြည့်ရှုလေ့လာနိုင်ဖို့ အာဆီယံကိုယ်စားလှယ်တွေကို မြန်မာနိုင်ငံလာရောက်ခွင့်ပြုဖို့ကိုလည်း ဘန်ကောက်အစည်းအဝေးအတွင်းပြောခဲ့ကြတယ်လို့ အင်ဒိုနီးရှားနိုင် ငံခြားရေးဝန်ကြီးကပြန်ပြောပြပါတယ်။ဒီကမ်းလှမ်းချက်ကိုမြန်မာတာဝန်ရှိသူတွေဘက်ကချက်ခြင်းအဖြေမပေးခဲ့ဘဲ အကြောင်းပြန်ပါ့ မယ်လို့သာပြောခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးကတော့ အမြန်ဆုံးဖြစ်လာဖို့ သူ့အနေနဲ့မျှော်လင့်ပါတယ်လို့ သတင်းထောက်တွေကိုပြောခဲ့ပါတယ်။

---

## ချင်းပြည်နယ် စားနပ်ရိက္ခာပြတ်မှု ပိုဆိုးလာနိုင်

**BBC ၊ ဧပြီ ၁၁ ။** ။ ချင်းပြည်နယ်မှာကြုံနေရတဲ့ စားနပ်ရိက္ခာအကျပ်အတည်းဟာ မိုးရာသီမှာပိုဆိုးလာနိုင်ပြီး ရိက္ခာပြတ်လပ်မှုရှိနိုင်တယ်လို့ မြန်မာနိုင်ငံတွင်းက ကုလသမဂ္ဂရဲ့ လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးရုံးရဲ့ ဧပြီလ ၈ ရက်နေ့ထုတ်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

မိုးတွင်းအသွားအလာခက်ခဲမှု ကုန်ဈေးနှုန်းနဲ့လောင်စာဆီဈေးကြီးမြင့်မှုဝင်ငွေရနိုင်တဲ့ အလုပ်ကိုင်ရှားပါးမှုတွေကြောင့် စားသောက်ဖို့အခက်ကြုံနိုင်တယ်လို့ဆိုပါတယ်။ အဓိက ချင်းပြည်နယ်တောင်ပိုင်းမှာစားနပ်ရိက္ခာပြတ်လပ်မှုအဆိုးဆုံးဖြစ်ပြီးလွန်ခဲ့တဲ့လေးနှစ်ခန့်ကကြွက်တွေကြောင့်ဖြစ်ခဲ့ရတဲ့ စားနပ်ရိက္ခာရှားပါးမှုနောက်ပိုင်းရိက္ခာပြတ်လပ်မှုဟာ အခုအချိန်အထိရှိနေဆဲဖြစ်တယ်လို့ ဒေသခံတွေဆီကသတင်းရကြောင်း Chin Land Guardian သတင်းဌာနအယ်ဒီတာကိုဘန်ဖြတ်ထန်ကပြောပါတယ်။

တချို့ စားစရာလုံးဝမရှိတော့သလို တချို့နေရာတွေမှာ ဆန်ကိုဘဲပြုတ်စားရတယ်လို့ဆိုပါတယ်။ မြို့ ရွာလူကြီးတွေက အစိုးရကိုအကူအညီတောင်းပေမယ့် အစိုးရဆီကတုန့်ပြန်ကူညီတာမရှိဘူးလို့ ရွာလူကြီးတွေကပြောပြတယ်လို့ဆိုပါတယ်။

အစိုးရမဟုတ်တဲ့အကူအညီပေးအဖွဲ့တွေ၊ ဘာသာရေးအဖွဲ့အစည်းတွေက ကိုယ့်နည်းကိုယ့်ဟန်နဲ့အကူအညီပေးနေကြပေမယ့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲတွေရှိလို့ စားနပ်ရိက္ခာပြတ်လပ်တဲ့နေရာတွေကို မရောက်နိုင်သလို အာဏာပိုင်တွေကခွင့်မပြုလို့ မသွားနိုင်တာတွေလည်းရှိတယ်လို့ဆိုပါတယ်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP ရဲ့အစီရင်ခံစာမှာလည်း ပလက်ဝမြို့နယ်မှာ လမ်းပန်းဆက်သွယ်ရေးမကောင်းတာနဲ့ သွားလာနိုင်ဖို့အခက်အခဲတွေရှိတာကြောင့် ဘယ်လောက်စားနပ်ရိက္ခာပြတ်လပ်နေတယ်ဆိုတာ မစီစစ်နိုင်ခဲ့ဘူးလို့ဖော်ပြထားပါတယ်။

# ကြားညပ်နေတဲ့ မြန်မာပြည်

**ယခင်အပတ်အဆက်**

**ခင်မမမျိုး**

လက်ရှိမှာ နိုင်ငံတွင်းလိုအပ်ချက်ရဲ့ ၆၅ ရာခိုင်နှုန်းက ပင်လယ်ကွေ့ဒေသကနေ အိန္ဒိယသမုဒ္ဒရာကို ဖြတ်ပြီးတင်သွင်းရတာပါ။ ၂၀၁၅ မှာဆိုရင် ၇၅ ရာခိုင်နှုန်း အထိ တင်သွင်းဖို့ လိုအပ်လာမယ်လို့ သတ်မှတ်ထားကြပါတယ်။

တပြိုင်နက်တည်းမှာပဲ တရုတ်နိုင်ငံရဲ့ ရေနံတင်သွင်းမှာ ရှစ်ဆယ်ရာခိုင်နှုန်းကျော်ကလဲ အိန္ဒိယသမုဒ္ဒရာကို တည်မှီနေတာဖြစ်ပါတယ်။ အဲဒီမှာမှ တရုတ်နိုင်ငံက ဆိပ်ကမ်းတွေကို အဝင်အထွက်လုပ်နေတဲ့ သင်္ဘောတွေရဲ့ ငါးဆယ်ရာခိုင်နှုန်းကျော်ဟာ မလက်ကာ ရေလက်ကြားကနေ ဖြတ်သန်းရတာဖြစ်ပါတယ်။ ဒါကြောင့် Malacca Dilemma ဟာ တရုတ်မဟာဗျူဟာ ကျွမ်းကျင်သူတွေနဲ့ နိုင်ငံရေးခေါင်းဆောင်တွေအတွက် ကြီးမားလှတဲ့ ကိစ္စတရပ်ဖြစ်ပါတယ်။ မလကာရေလက်ကြားနဲ့ အိန္ဒိယသမုဒ္ဒရာကို အိန္ဒိယနဲ့ အနောက် နိုင်ငံတွေက ထိန်းချုပ်သွားနိုင်ခဲ့ရင် တရုတ်နိုင်ငံရဲ့ စီးပွားရေးအင်အားပြိုလဲသွားမှာဖြစ်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့အတွက် အိန္ဒိယသမုဒ္ဒရာကို ထိန်းချုပ်နိုင်ရေးကို စတင်စီမံလာခဲ့ကြပါတယ်။

အိန္ဒိယသမုဒ္ဒရာနှင့် အပြိုင်အဆိုင် စစ်အင်အားတိုးချဲ့မှုများ

တရုတ်နိုင်ငံ People's Liberation Army Navy (PLAN) ရဲ့ ရေရှည်မဟာဗျူဟာဖြစ်တဲ့ အိန္ဒိယသမုဒ္ဒရာကို ဖြန့်ကျက်ထိန်းချုပ်ထားနိုင်ရေးမှာ ပုလဲသွယ်မဟာဗျူဟာက အဓိက ကျပါတယ်။ ဒီဗျူဟာအရ တရုတ်ပြည်မကနေ ပါရှန်းပင်လယ်ကွေ့အထိ SLOC (Sea Lines of Communication) တလျှောက်မှာရှိတဲ့ နိုင်ငံတွေနဲ့ မဟာဗျူဟာအရ ပူးတွဲခြင်း၊ ဆိပ်ကမ်းတည်ဆောက်ခြင်း စတာတွေ ပြုလုပ်အကောင်အထည်ဖော်ခဲ့ပါတယ်။ ဟိုင်နန်ကျွန်းက military facilities တွေ တိုးမြှင့်မှု၊ ဗီယက်နမ်အရှေ့ပိုင်းက Woody ကျွန်းပေါ်မှာ airstrip တိုးချဲ့မှု၊ ဘင်္ဂလားဒေ့ရှ် စစ်တကောင်းမှာ container shipping facility တည်ဆောက်မှု၊ မြန်မာနိုင်ငံ၊ ရခိုင်ဒေသမှာ ရေနက်ဆိပ်ကမ်းတည်ဆောက်မှု၊ ပါကစ္စတန်နိုင်ငံ ၊ ဂျီဝါဒါဆိပ်ကမ်း စတောတွေဟာ ဒီဗျူဟာရဲ့ အခင်းအကျင်းတွေ ဖြစ်ပါတယ်။

တရုတ်ရေတပ်ကို offshore waters (Green Water) Navy Status ကနေ High Seas (Blue Water) Navy Status အထိ မြှင့်တင်ရန် ကြိုးပမ်းမှုတွေ ပြုလုပ်ခဲ့ရာကနေ nuclear-powered aircraft carrier တည်ဆောက်ရေး စီမံကိန်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဟိုင်နန်ကျွန်းတောင်ပိုင်းက Sanya ရေတပ်စခန်းမှာ nuclear-powered ballistic missile submarines (SSBNs) တည်ဆောက်မှုတွေ ရှိနေပါတယ်။

အိန္ဒိယ နိုင်ငံကလဲ light aircraft carrier တည်ဆောက်မှု၊ missile-armed submarines တည်ဆောက်မှု တွေ ပြုလုပ်ပြီး three dimensional nuclear strategic capability ကို တိုးမြှင့်ဖို့ကြိုးပမ်းလာခဲ့ပါတယ်။နစ်သုံးဆယ်ရေငုပ်သင်္ဘောတည်ဆောက်မှုစီမံကိန်းကို အကောင်အထည် ဖော်ပြီး၊ project-15 B လို့ခေါ်တဲ့ စစ်သင်္ဘောတည်ဆောက်မှုစီမံကိန်းတွေကိုလဲ ပြုလုပ်နေပါတယ်။ Land-based naval aviation ဗျူဟာကို ထိထိရောက်ရောက် အသုံးပြုနိုင်ဖို့အတွက် ကြိုးပမ်းပြင်ဆင်မှုတွေ ရှိနေပါတယ်။

စစ်အင်အား အပြိုင်အဆိုင်တိုးချဲ့ရုံမက အရေးကြီးတဲ့ မဟာဗျူဟာဒေသတွေထိန်းချုပ်ရေးတွေကိုလဲ ပြုလုပ်နေကြပါ တယ်။

မဟာဗျူဟာဒေသများ

အိန္ဒိယနဲ့ တရုတ်နိုင်ငံအကြားမှာ စစ်ရေးပဋိပက္ခတွေဖြစ်လာခဲ့ရင် အရေးကြီးတဲ့ မဟာဗျူဟာဒေသသုံးခုရှိပါတယ်။ ပထမတခုက အမ်ဒမန်ကျွန်းစုပေါ်က Port Blair ဖြစ်ပါတယ်။ ဒီဒေသဟာ မလက္ကာရေလက်ကြားနဲ့ရေမိုင် (၅၀၀) အကွာမှာရှိပြီး၊ India's East Comm and အတွက် အချက်အချာအကျဆုံးနေရာဖြစ်ပါတယ်။

ဒုတိယတခုက တိဗက်ဒေသဖြစ်ပါတယ်။ ၂၀၁၀၊ ဩဂုတ်လမှာ Qinghai- Tibet ရထားလမ်းကတဆင့် တရုတ်လေတပ်အတွက်အရေးကြီးတဲ့ combat readiness materials တွေကို နေရာရွှေ့ပြောင်းချထားမှုတွေပြုလုပ်ခဲ့ပါတယ်။ တိဘက်မှာ တရုတ်ရဲ့လေတပ်အခြေစိုက်စခန်း လေးခုရှိရာက၊ အောက်တိုဘာလမှာ လေတပ်အခြေစိုက်စခန်းတခုကို ထပ်မံတည်ဆောက်ထားခဲ့ပါတယ်။

တတိယတခုက မြန်မာနိုင်ငံဖြစ်ပါတယ်။ တရုတ်နဲ့အိန္ဒိယ- အနောက်အုပ်စုတွေရဲ့အကြားမှာ အရေးကြီးဆုံးဖြစ်တဲ့ Burma factor ဆိုတာကို စစ်မဟာဗျူဟာ ရှုထောင့်ကနေ မဖြစ်မနေထည့်သွင်းစဉ်းစားကြပါတယ်။ အန်ဒမန်ကျွန်းစုတွေနဲ့ ရေမိုင်သုံးဆယ်အကွာမှာရှိတဲ့ ကိုးကိုးကျွန်းနဲ့ မြန်မာ့ပင်လယ်ရေပိုင်နက်ထဲက ဟိုင်းကြီးကျွန်းတွေက အိန္ဒိယသမုဒ္ဒရာမှာ ဖြစ်ပွားလာနိုင်ချေရှိတဲ့ future conflicts တွေရဲ့ decisive victory ကို အဆုံးအဖြတ်ပေးနိုင်တဲ့ ဒေသတွေဖြစ်ပါတယ်။

ဒီကျွန်းတွေပေါ်မှာ တရုတ်ရေတပ်ရဲ့ naval facilities, radars နဲ့ signal-intelligence posts တွေသာ ရှိနေမယ်ဆိုရင် အိန္ဒိယတပ်နဲ့ အနောက်အုပ်စုတပ်တွေရဲ့ လှုပ်ရှားမှုတွေအားလုံးကို တရုတ်က မျက်ချေမပြတ်စောင့်ကြည့်လေ့လာမှုတွေ ပြုလုပ်နေနိုင်မှာဖြစ်ပါတယ်။ တရုတ်ရေတပ်ကို carrier strike force, land-based naval aviation ဗျူဟာတွေနဲ့ ထိထိရောက်ရောက်တိုက်ခိုက်နိုင်ဖို့ဆိုတာကလဲ မြန်မာနိုင်ငံ လေတပ်စခန်းတွေကို အခြေပြုတဲ့ air cover မရှိမှုဖြစ်နိုင်မှာပါ။ ဒါကြောင့် Burma factor ဟာ ၂၁ရာစု strategic challenges ဇဟိုချက်မမှာရှိတဲ့ အိန္ဒိယသမုဒ္ဒရာတွင်းက strategic rivalries တွေရဲ့ အရေးအကြီးဆုံး strategic decisive factor ဖြစ်နေပါတယ်။

**စာမျက်နှာ ၁၈ သို့**

# ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အညတြသူရဲကောင်းဆု ချီးမြှင့်မည်

**RFA | ဧပြီ ၁၄ ။** ။ မြန်မာ့ဒီမိုကရေစီရေးအတွက် နှစ်ပေါင်းများစွာ ကိုယ်ကျိုးစွန့် ကြိုးပမ်းနေတဲ့သူတွေကို ဂုဏ်ပြုတဲ့ အညတြသူရဲကောင်းဆုကို ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားတွေက ဒီနှစ်မှာ ပထမဆုံးအကြိမ် အဖြစ် ပြုလုပ်ပြီး နိုင်ငံရေးအကျဉ်းသား ၃ ဦးကို ရွေးချယ်လိုက်တယ်လို့ သတင်းရရှိပါတယ်။

ဒီနှစ်အတွက် အညတြသူရဲကောင်းအဖြစ် ရွေးချယ်ခံရတဲ့ပုဂ္ဂိုလ် ၃ ဦးကတော့ ဦးဣန္ဒက၊ ဘိုးတော် ခေါ် ဦးခင်ဝင်းနဲ့ ကိုသန်းနိုင်တို့ဖြစ်ပါတယ်။ ဦးဣန္ဒကဟာမဂ္ဂင်ကျောင်းတိုက်နောက်ဆုံးဆရာတော်ဖြစ်ပြီး ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေး ကာလက အဖမ်းခံလိုက်ရတာပါ။ အဲဒီနောက် ထောင်ဒဏ် ၂၆ နှစ်နဲ့ လာရှိုးထောင်မှာ ကျခံနေရပါတယ်။ ဘိုးတော် ခေါ် ဦးခင်ဝင်းက ၁၉၉၉ ခုနှစ်မှာ ၉ လေးလုံးလှုပ်ရှားမှုနဲ့ အဖမ်းခံရပြီး အင်းစိန်အကျဉ်းထောင်မှာ ထောင်ဒဏ် ၂၃ နှစ် ကျခံနေရ ပါတယ်။ကိုသန်းနိုင်ကတော့ HIV/AIDS ဝေဒနာသည်တွေ ကူညီစောင့် ရှောက်ရေး ကြိုးပမ်းနေရင်း ၂၀၀၇ မှာ အဖမ်းခံရပြီး မအူပင်အကျဉ်း ထောင်မှာ ထောင်ဒဏ် ၁၄ နှစ်ကျခံနေရပါတယ်။

ဒီဆုပေးတဲ့ကိစ္စနဲ့ ပတ်သက်လို့ ဆုရွေးချယ်ရေး ကော်မတီဝင် ကိုမင်းထက်ဇော်က RFA ကို အခုလို ပြောပါတယ်။

"ကျွန်တော်တို့ပြည်တွင်းမှာပေ့ါလေ၊ တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ကို ပဓာနမထားပဲနော်၊ မိမိရဲ့မိသားစုဘဝတွေပါ ပေးဆပ်ပြီးတော့ ဆောင်ရွက်ခဲ့တဲ့ လူတွေကို ကျွန်တော်တို့အနေနဲ့ ချီးမြှင့်လိုတဲ့ ဆန္ဒဖြစ်ခဲ့တာပေ့ါ။ နောက် သူတို့တွေက အမည်နာမအားဖြင့်လည်း ထင်ပေါ်ကျော်ကြားခြင်းမရှိဘူး။ ကျွန်တော်တို့ အဲဒီအပေါ်မှာ ဂုဏ်ပြုချင်တဲ့ ဆန္ဒဖြစ်လာတဲ့အတွက်ကြောင့် ဒီ လုပ်ငန်းစဉ်တွေ ဖြစ်လာတာဖြစ်ပါတယ်။ ဒီဆု ရွေးချယ်တာကိုတော့ ပြည်တွင်းကပေ့ါလေ၊ ဆရာကြီး ဦးဝင်းတင်ဦးဆောင်တဲ့ အညတြသူရဲကောင်းဆုရွေးချယ်ရေးကော်မတီကနေ ရွေးချယ်ခြင်း ဖြစ်ပါတယ်။"

ဆုရရှိတဲ့ ပုဂ္ဂိုလ် ၃ ဦးကို တဦးကို ကျပ်ငွေ ၁၀ သိန်းစီ ချီးမြှင့်မှာ ဖြစ်ပါတယ်။ အခမ်းအနားကို လာမယ့် နှစ်ဆန်း ၁ ရက်နေ့ကျရင် ရန်ကုန်မြို့က အမျိုးသားဒီမိုကရေစီရုံးချုပ်မှာ ကျင်းပမှာဖြစ်ပြီး၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ချီးမြှင့်ပေးအပ်မယ်လို့ သိရပါတယ်။

ဂျပန်ရောက် မြန်မာနိုင်ငံသားတွေချီးမြှင့်တဲ့ အညတြသူရဲကောင်းဆုကို တနှစ် နှစ်ကြိမ်ပေးအပ်ဖို့ စဉ်းစားထားကြပြီး၊ အနည်းဆုံးတော့ တနှစ်တကြိမ် ပေးအပ်ဖြစ်အောင် ကြိုးစားသွားမယ်လို့ဆုချီးမြှင့်ရေးကော်မတီဝင် ကိုမင်းထက်ဇော်က ပြောပါတယ်။

## မြန်မာနဲ့မြောက်ကိုရီးယားဆက်ဆံမှု နိုင်ငံတကာစိုးရိမ်

**RFA | ဧပြီ ၁၂။** ။ မြန်မာနိုင်ငံမှာ ညူကလီးယားလက်နက်ထုတ်လုပ်နေပြီဆိုတဲ့ အထောက်အထားတွေဟာ ခိုင်လုံမှုမရှိပေမဲ့ မြန်မာနဲ့မြောက်ကိုရီးယားတို့ အနီးကပ်ဆက်ဆံနေမှုကတော့ နိုင်ငံတကာအတွက် အထူးစိုးရိမ်စရာဖြစ်တယ်လို့အမေရိကန် ကျွမ်းကျင်သူတွေက ဧပြီ ၁၁ ရက် မနေ့ကပြောကြားလိုက်ပါတယ်။

Griffith တက္ကသိုလ်ကသုတေသီ Andrew Selth က မြန်မာနိုင်ငံဟာ ညူကလီးယားနည်းပညာရရှိဖို့ ကြိုးပမ်းနေတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ ဒါပေမဲ့ လက်နက်ထုတ်လုပ်ရေးအတွက်လား ဒါမှမဟုတ် တခြားဘာရည်ရွယ်ချက်နဲ့ဆောင်ရွက်နေသလဲဆိုတာ တိတိကျကျမသိရသေးပါဘူးလို့ သုတေသီ Andrew Selth က ပြောသွားပါတယ်။

IAEA နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲဟောင်း Robert Kelley ကလည်း မြန်မာအစိုးရဆီမှာ ရုရှားအကူအညီနဲ့ ညူကလီးယားသုတေသနဓာတ်ပေါင်းဖို အသေးစားတခုတည်ဆောက်နေတာရှိပေမဲ့ ဗုံးထုတ်လုပ်ဖို့ဆိုတဲ့ အထောက်အထားမျိုး မတွေ့ရှိရသေးကြောင်း ဆွေးနွေးပွဲမှာပြောဆိုခဲ့ပါတယ်။

ဒ့ါပြင် အမေရိကန်-ကိုးရီးယားသိပ္ပံပညာရှင် Alexandre Mansourov ကလည်း မြန်မာအစိုးရဟာ မြောက်ကိုးရီးယားထံက စစ်လက်နက်ပစ္စည်းတွေဝယ်ယူနေတဲ့အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကချမှတ်ထားတဲ့ ဆုံးဖြတ်ချက်စည်းကမ်းတွေကိုချိုးဖောက်မှု ရှိတယ်လို့ ပြောဆိုခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်က John Hopkins တက္ကသိုလ် နိုင်ငံတကာအထူးပြုလေ့လာရေးဌာနမှာ မြန်မာနဲ့မြောက်ကိုရီးယားအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုခေါင်းစဉ်နဲ့ မနေ့ကကျင်းပတဲ့ဆွေးနွေးပွဲမှာ ကျွမ်းကျင်သူတွေကခုလို ပြောဆိုခဲ့ကြတာပါ။

**စာမျက်နှာ ၁၇ မှ**

နိဂုံး

အခုလို စစ်ရေးအရ၊ နိုင်ငံတကာ လုံခြုံရေးအရ စိုးရိမ်မှုတွေ မြင့်မားလာကြတဲ့ ၂၀၁၁ ခုနှစ်မှာ၊ တိုက်တိုက်ဆိုင်ဆိုင် မြန်မာ့နိုင်ငံရေးအပြောင်းအလဲတွေကလဲ ဖြစ်လာခဲ့ပါတယ်။ မကြာခင်မှာ အမေရိကန်၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့ရဲ့ အစိုးရသစ်ကို ကျယ်ကျယ်တမျိုး၊ တိုးတိုးတဖုံ ချဉ်းကပ်မှုမျိုးစုံတွေ အပြိုင်အဆိုင် ပေါ်ထွက်လာတော့မှာဖြစ်ပါတယ်။ ဒီလိုကမ္ဘာ့စစ်ရေး၊ နိုင်ငံရေး အခင်းအကျင်းတွေအကြားမှာ တိုင်းပြည်တိုးတက်ရေး၊စစ်ရေးအရကြားမညပ်စေရေး၊ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးကို ဦးတည်တဲ့ မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွေလဲ ပေါ်ထွက်လာသင့်ပြီ ဖြစ်ပါတယ်။

ကြားညပ်ပြီး စုပ်ပြတ်သပ်ချုံးချုံးကျနေတဲ့ မြန်မာပြည်ကို ကယ်တင်နိုင်သူတွေဟာ မြန်မာနိုင်ငံသားတွေပါပဲ။ အပြန်အလှန်စွပ်စွဲမှုတွေ၊ စိန်ခေါ်မှုတွေ၊ တဘက်နဲ့ တဘက် အနိုင်ယူလိုမှုတွေ၊ ဗိုလ်ကျစိုးမိုးမှုတွေ၊ ရလဒ်ထွက်ပေါ်လာရေးကိုမစဉ်းစားပဲ ရလဒ်ဖြစ်အောင် ဦးဆောင်သူအနေနဲ့ သတ်မှတ်ခံချင်မှုတွေ၊ နဖားကြိုးထိုးခံမှုတွေက နေဖောက်ထွက်ပြီး၊ မြန်မာနိုင်ငံသားတွေ အချင်းချင်းကြားမှာ အပြန်အလှန်နားလည်မှု၊ အသိအမှတ်ပြုမှု၊ ဘုံအကျိုးစီးပွား ရှာဖွေနိုင်မှုတွေ ပေါ်ထွက်လာတဲ့တနေ့မှာ ကြားညပ်နေသော်လည်း ဘက်မလိုက်တဲ့မူဝါဒကို အခြေခံသော ခေတ်မှီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်လာနိုင်မှာဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

(စာရေးသူသည် ယူကေနိုင်ငံ အခြေစိုက်၊ စစ်ရေးလေ့လာသူ တဦးဖြစ်ပြီး China and Indian Ocean: Strategic Interests in the 21st Century စာအုပ်ကို ရေးသားခဲ့သူ ဖြစ်ပါသည်)



www.faxtoon.com
NO. 498 Apr 5, 2011
Burmese New Year ...... New Burma ...
2011, April 17
၁၃၇၃ ခု တန်ခူးလဆန်း ၁၄
HELP!

# မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်အဖြစ် Derek Mitchell ကို အိုဘားမားအဆိုပြု

**VOA ၊ ဧပြီ ၁၄ ။** ။ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒညှိနှိုင်းရေးမှူးနဲ့သမ္မတရဲ့ အထူးကိုယ်စားလှယ်အဖြစ် ဒဲရက်မစ်ချဲလ် (Derek Mitchell) ကို ခန့်ထားဖို့ သမ္မတအိုဘားမားက အထက်လွှတ်တော်ကို အဆိုပြုလိုက်ပါတယ်။ အထက်လွှတ်တော်က အတည်ပြုလိုက်တာနဲ့ မစ္စတာဒဲရက်မစ်ချဲလ်ဟာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ သံအမတ်ကြီးအဆင့်တာဝန်ကို တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ခုလို မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တစ်ယောက် ခန့်အပ်ဖို့ ၂၀၀၈ ခုနှစ်မှာ ကွန်ကရက်လွှတ်တော်က ပြဌာန်းခဲ့တာပါ။

မစ္စတာမစ်ချဲလ်ဟာ တရုတ်ရေးရာ ကျွမ်းကျင်သူဖြစ်ပြီး အာရှ အတွေ့အကြုံ ကောင်းကောင်းရှိတဲ့သူဖြစ်ပါတယ်။ မစ္စတာ မစ်ချဲဟာ ကာကွယ်ရေးဝန်ကြီးဌာန အာရှနဲ့ပစိဖိတ်ဒေသလုံခြုံရေးရာ ဒုလက်ထောက် ကာကွယ်ရေးဝန်ကြီးအဖြစ် လောလောဆယ်မှာ တာဝန်ထမ်းဆောင်နေပါတယ်။ သူ အလုပ်စဝင်ခါစက နိုင်ငံခြားရေးမူဝါဒဆိုင်ရာ လက်ထောက်တစ်ယောက်အဖြစ် ဒီမိုကရက်လွှတ်တော်အမတ်အက်ဒ်ဝပ်ကနေဒီဆီမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး အဲဒီနောက်မှာတော့ ထိုင်ဝမ်သတင်းစာ China Post မှာ အလုပ်လုပ်ခဲ့ပါတယ်။ မဟာဗျူဟာနဲ့ နိုင်ငံတကာလေ့လာရေးအဖွဲ့ အပါအဝင် ဝါရှင်တန်အခြေစိုက် မူဝါဒရေးရာ အဖွဲ့အစည်းတွေမှာလည်း သူ အလုပ်လုပ်ခဲ့ဖူးပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် မစ္စတာမစ်ချဲလ်ဟာ အစိုးရနဲ့ရော မြန်မာအတိုက်အခံတွေနဲ့ပါ စကားပြောရမှာပါ။ လွန်ခဲ့တဲ့ ၁၈ လ အတွင်းမှာ အိုဘားမားအစိုးရဟာ မြန်မာနိုင်ငံကိုအထီးကျန်ဖြစ်စေတဲ့ မူဝါဒကနေ ထိတွေ့ဆက်ဆံမယ့်မူဝါဒအဖြစ် ပြောင်းလဲခဲ့ပေမဲ့ ပိတ်ဆို့အရေးယူရေး မူဝါဒကိုတော့ ဆက်လက်ကိုင်စွဲထားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ဒီမိုကရေစီရေးအတွက် ပိတ်ဆို့အရေးယူရေးမူဝါဒကို ဆက်လက်ကျင့်သုံးတာဖြစ်တယ်လို့ အမေရိကန်အစိုးရက ပြောပါတယ်။

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ အရှေ့တောင်အာရှနိုင်ငံတွေက ပိတ်ဆို့အရေးယူထားတာကို ရုပ်သိမ်းဖို့တောင်းဆိုထားကြပါတယ်။ အင်္ဂါနေ့တုန်းကတော့ ဥရောပသမဂ္ဂကလက်ရှိအစိုးရရဲ့ အရပ်သားဝန်ကြီးတွေအပေါ်မှာ ဗီဇာပိတ်ပင်မှာမဟုတ် သလို နိုင်ငံခြားရေးဝန်ကြီးကိုလည်း သွားလာဆက်ဆံရေးလွယ်ကူအောင်ဗီဇာပိတ်ပင်ရေးမူဝါဒကနေ ချွင်းချက်အဖြစ်သတ်မှတ်ကြောင်း ကြေညာခဲ့ပါတယ်။ အမေရိကန်ကတော့ ပိတ်ဆို့ အရေးယူထားတာကို ရုပ်သိမ်းဖို့စောသေးကြောင်း ပြောပါတယ်။ နိုင်ငံရေး အကျဉ်းသား ၂,၀၀၀ ကျော်ကို လွှတ်ပေးဖို့ အမေရိကန်အစိုးရက တိုက်တွန်းထားပါတယ်။ မြောက်ကိုရီးယားနဲ့ မြန်မာနိုင်ငံတို့ကြား လက်နက်ရောင်းဝယ်မှုနဲ့ နျူကလီးယားဆိုင်ရာ ဆက်သွယ် ဆက်ဆံရေးတွေ အပေါ်လည်း အမေရိကန်က ရတက်မအေး ဖြစ်နေပါတယ်။

Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@gmail.com**
**koko@gol.com**

၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ် ထုတ်ဝေသည်